မိတ်ဆွေများအတွက်နမူနာ
m g yoe.com
SAMPLE BOOK

# THE LAST LECTURE

RANDY PAUSCH;
JEFFREY ZASLOW

# ပေပေ့မှာတမ်း

မြတ်ငြိမ်း



ဒုတိယအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော် သင်ကြားပို့ချခဲ့သည်မှာ
ဘဝ၏ အနှစ်သာရအကြောင်း၊
လူ့ဘဝမှာ နေထိုင်ရတော့မည့်အချိန်
ဘယ်လောက် နည်းနည်းကလေးပဲ ကျန်တော့သည့်တိုင်
ဘဝကို ကျွန်တော် ဘယ်လောက်တန်ဖိုးထား
မြတ်နိုးသည့်အကြောင်းတို့ ဖြစ်၏။
ကျွန်တော် အမြတ်တနိုး ဖက်တွယ်ထားသည့်
ရိုးသားဖြောင့်မတ်ခြင်း၊ သိက္ခာသမာဓိရှိခြင်း၊
ကျေးဇူးသိတတ်ခြင်းနှင့် အခြားအကြောင်းအရာများ
အကြောင်းလည်း ပြောပြခဲ့သည်။

ဤစာအုပ်ကို ရေးဖို့ စပြီးကြံစည်စဉ်ကတည်းက
ကျွန်တော်တို့ သိပြီးသားပါ။
ဤစာအုပ်သည် သက်ရှိထင်ရှား မိဘတစ်ဦးနေရာတွင်
အစားထိုးဝင်ရောက်ခြင်း ပြုနိုင်မည်မဟုတ်။
သို့ပေမဲ့
ပြုပြင်တည်ဆောက်ခြင်းဆိုသည်မှာ ပြီးပြည့်စုံသောအဖြေများ
ဖော်ထုတ်ခြင်းမဟုတ်။ ပြုပြင်တည်ဆောက်ခြင်းဆိုသည်မှာ
ရသရွေ့ လက်လှမ်းမီရာ အရင်းအမြစ်များဖြင့်
အစွမ်းကုန် ကြိုးစားအားထုတ်ခြင်းသာ ဖြစ်၏။
သင်ကြားပို့ချချက်များ ဟောပြောခြင်းရော
ဤစာအုပ်ရေးသားပြုစုခြင်းပါ အားထုတ်မှု နှစ်ရပ်စလုံးသည်
ပြုပြင်တည်ဆောက်ဖို့ ကျွန်တော်၏ အားထုတ်မှုတစ်ရပ်သာ
ဖြစ်ပါကြောင်း။

ISBN 9789997136619
MN53
9 789997 136619
MMK 13,000.00

mgyoe.com

mgyoe.com
SAMPLE BOOK

ပေပေ့မှာတမ်း၊ မြတ်ငြိမ်း
စာမျက်နှာ ၂၉၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀၊ the key collection ၏ ပထမအကြိမ်မူ

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

– နိဒါန်း ၅

(၁) နောက်ဆုံးသင်ကြားပို့ချချက်

၁။ ဟိန်းချင်နေသေးတဲ့ အနာတရ ခြသေ့်ကြီး ၁၀
၂။ လက်ဆွဲကွန်ပျူတာထဲမှ ကျွန်တော့်ဘဝ ၂၂
၃။ အခန်းထဲမှ ဆင် ၂၈

(၂) သင်၏ ကလေးဘဝအိပ်မက်များ
တကယ်ဖြစ်မြောက်လာခြင်း

၄။ မိဘ ထိ ၃၆
၅။ မွေးမြူရေးခြံအိမ်ထဲမှ ဓာတ်လှေကား ၄၄
၆။ ဆွဲငင်အားမဲ့ဒေသသို့ သွားရောက်ခြင်း ၅၀
၇။ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းသို့
ကျွန်တော် လုံးဝမရောက်ခဲ့ ၅၄
၈။ ကျွန်တော့်ကို 'V' အောက်တွင် သင်တွေ့ရလိမ့်မည် ၆၁
၉။ ခေါင်းဆောင်မှုမည်သော အရည်အချင်းစု ၆၅
၁၀။ ဆုကြီးရခြင်း ၇၀
၁၁။ ကမ္ဘာပေါ်မှာ ပျော်စရာ အကောင်းဆုံးနေရာ ၇၅

mgyoe.com

mgyoe.com SAMPLE BOOK

## (၃) စွန့်စားခန်းများနှင့် သင်ယူရရှိသော သင်ခန်းစာများ


၁၂။ ပန်းခြံကို ည ၈ နာရီထိ ဖွင့်ထားသည် ၈၂
၁၃။ အမိုးဖွင့်ကားထဲမှလူ ၉၀
၁၄။ ဒတ်ချ် ဦးလေးကြီး ၉၃
၁၅။ ကားနောက်ထိုင်ခုံပေါ်သို့ အချိုရည်သွန်ချခြင်း ၉၇
၁၆။ အုတ်နံရံကြီးကို ချစ်မိခြင်း ၁၀၂
၁၇။ နတ်သမီးပုံပြင်အားလုံး ချောချောမောမော ဇာတ်သိမ်းသည်မဟုတ် ၁၁၁
၁၈။ လူစီရေ၊ ကိုယ်ပြန်ရောက်ပြီဟေ့ ၁၁၆
၁၉။ နှစ်သစ်ကူးဇာတ်လမ်း တစ်ပုဒ် ၁၂၀
၂၀။ နှစ်ပေါင်း ၅၀ အတွင်း ဒီအကြောင်း တစ်ကြိမ်မှ မပြောခဲ့ဘူး ၁၂၇
၂၁။ ဂျေး ၁၃၀
၂၂။ အမှန်တရားက သင့်အား လွတ်မြောက်ခွင့်ပေးနိုင်သည် ၁၃၉


## (၄) အခြားသူများ၏ အိပ်မက်များကို ဖြစ်မြောက်အောင် ကူညီပေးခြင်း


၂၃။ ကျွန်တော်ပျားရည်ဆမ်းခရီးထွက်နေတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို မဖြစ်မနေလိုအပ်နေတယ်ဆိုရင်... ၁၄၄
၂၄။ ပြန်တော်လာသည့်တော့် ၁၅၁
၂၅။ Training a Jedi ၁၅၇
၂၆။ ကျွန်တော် သူတို့ကို အထင်ကြီးလေးစားမိပါသည် ၁၆၃
၂၇။ သုခဘုံ ၁၇၀


## (၅) သင့်ဘဝကို ဘယ်လိုနေထိုင်ထိုက်ကြောင်း ပြောပြခြင်း


၂၈။ ကြီးကြီးကျယ်ကျယ် အိပ်မက်ကို မက် ၁၇၇
၂၉။ စိတ်ထက်သန်ခြင်းက နောက်ဆုံးပေါ်လိုက်ခြင်းထက် သာလွန်ကောင်းမွန်သည် ၁၈၀


mgyoe.com

mgyoe.com SAMPLE BOOK


၃၀။ အလံဖြူတင်ခြင်း ၁၈၃

၃၁။ ကျွန်တော်တို့အပေးအယူလုပ်ကြရအောင် ၁၈၅

၃၂။ မညည်းနှင့်၊ အလုပ်သာ ပိုကြိုးစားလုပ် ၁၈၇

၃၃။ ရောဂါကို ကု၊ ရောဂါလက္ခဏာကို မကုနှင့် ၁၉၀

၃၄။ ဘယ်သူတွေ ဘာထင်ထင်၊ စိတ်ထဲ အစွဲမထားနှင့် ၁၉၂

၃၅။ အတူတကွ ထိုင်ခြင်းဖြင့် စတင်ပါ ၁၉၄

၃၆။ လူတိုင်းထံတွင် အကောင်းဆုံးကို ရှာကြည့်ပါ ၁၉၉

၃၇။ သူတို့ရဲ့အပြောကို နားမထောင်နှင့်၊
သူတို့ရဲ့အလုပ်ကိုစောင့်ကြည့် ၂၀၀

၃၈။ ကနဦးပိုင်းတွင် မအောင်မြင်လျှင်... ၂၀၂

၃၉။ အဦးဆုံးစွန့်စားသူဖြစ်ပါစေ ၂၀၆

၄၀။ လူတွေ၏အာရုံစိုက်မှုကိုရယူ ၂၀၉

၄၁။ ပျောက်ကွယ်နေပြီဖြစ်သည့်
ကျေးဇူးတင်လွှာ အနုပညာ ၂၁၂

၄၂။ သစ္စာရှိခြင်းသည် နှစ်လမ်းသွားလမ်းဖြစ်သည် ၂၁၆

၄၃။ သောကြာညအဖြေ ၂၂၀

၄၄။ ကျေးဇူးတင်ကြောင်းဖော်ပြပါ ၂၂၂

၄၅။ ပူရှိန်းသကြားပြားကလေးများ ပို့ပေးခြင်း ၂၂၅

၄၆။ သင် ယူလာသည့်အရာတွေသာ
သင်နှင့်အတူပါသည် ၂၂၇

၄၇။ ဖြစ်ကတတ်ဆန်း တောင်းပန်ခြင်းသည်
လုံးဝမတောင်းပန်ခြင်းထက် ဆိုးသည် ၂၃၁

၄၈။ အမှန်ကိုပြော ၂၃၄

၄၉။ ရောင်စုံခဲတံဘူးကလေး ဆောင်ထားပါ ၂၃၆

၅၀။ ဒေါ်လာ ၁၀၀၀၀၀ တန် ဆားနှင့် ငရုတ်ကောင်းဘူး ၂၃၉

၅၁။ ဘယ်အလုပ်မျှ အောက်တန်းမကျ ၂၄၄

၅၂။ သင်ရောက်နေသည့်နေရာကိုသိပါ ၂၄၇

၅၃။ ဘယ်တော့မျှ အရှုံးမပေးနှင့် ၂၅၀

၅၄။ လူ့အဖွဲ့အစည်းဝင်တစ်ဦးဖြစ်ပါစေ ၂၅၅

၅၅။ သင်လုပ်ရမည်မှာ မေးကြည့်ရုံမျှသာ ၂၅၈


mgyoe.com

mgyoe.com SAMPLE BOOK

၅၆။ ဆုံးဖြတ်ချက်တစ်ခုချပါ၊ ပျော်တတ်သူလား၊
ဆွေးတတ်သူလား ၂၆၁
၅၇။ အကောင်းမြင်ခြင်းကို နားလည်သဘောပေါက်ခြင်း ၂၆၄
၅၈။ အခြားသူများ၏ ဖြည့်ဆည်းမှု ၂၆၇

(၆) **နောက်ဆုံးမှတ်ချက်များ**

၅၉။ ကျွန်တော့်ရင်သွေးများအတွက် အိပ်မက်များ ၂၇၆
၆၀။ ဂျေးနှင့် ကျွန်တော် ၂၈၆
၆၁။ အိပ်မက်တွေ သင့်ထံ တစ်ကျော့ပြန်လာလိမ့်မည် ၂၉၄

●

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ကျွန်တော့်တွင် ပြုပြင်တည်ဆောက်ရေးပြဿနာတစ်ရပ်ရှိနေပြီ။

ကိုယ်ခန္ဓာအစိတ်အပိုင်း အများစုတွင် ကျွန်တော့်ကျန်းမာရေး ဒေါင်ဒေါင်မြည်နေသော်လည်း ကျွန်တော့်အသည်းထဲတွင် ထွက်နေသည့် အသားပိုများမှာ ၁၀ ခု ရှိနေပြီ။ ကျွန်တော် လူ့လောကမှာ ဆက်လက်ရှင်သန်နေထိုင်ခွင့်ရဖို့ လပေါင်းအနည်းငယ်မျှသာ ကျန်တော့သည်။

ကျွန်တော်က ကလေးသုံးဦး၏ဖခင်။ နောက်ပြီး ကျွန်တော် ချစ်မြတ်နိုးပေ့ဆိုသည့် မိန်းမတစ်ယောက်နှင့် အိမ်ထောင်ပြုထားသူ။ ကျွန်တော် ကိုယ့်ကိုယ်ကို သနားနေလို့ ရပါသည်။ ကိုယ့်ကိုယ်ကို သနားရတာ လွယ်ပါသည်။ သို့ပေမဲ့ သည်လိုအလွမ်းဇာတ် ခင်းနေလို့ ဘာအကျိုးထူးမည်လဲ။ ကျွန်တော့်အတွက် အကျိုးမထူးသလို သူတို့အတွက်လည်း အကျိုးထူးမည်မဟုတ်။

သည်တော့...

နည်းနည်းကလေးသာ ကျန်တော့သည့် ကျွန်တော့်အချိန်တွေကို ဘယ်ပုံဘယ်နည်း အသုံးချမည်လဲ။

အထူးတလည် ရှင်းပြနေဖို့ မလိုသည့်အချက်မှာ ကျွန်တော့် မိသားစုနှင့် လက်ပွန်းတတီး နေထိုင်ဖို့။ နောက်ပြီး သူတို့တစ်တွေကို

mgyoe.com

mgyoe.com
SAMPLE BOOK


အရေးစိုက်ဖို့၊ ယုယကြင်နာဖို့။ ကျွန်တော် စွမ်းဆောင်နိုင်သေးသည့် အချိန်တွင် အခါသမယလေးတိုင်းကို သူတို့နှင့် တပူးတွဲတွဲ နေထိုင်ကုန်လွန်စေသည်။ ကျွန်တော် မရှိတော့ချိန်တွင် သူတို့ကလေးတွေ ဘဝခယောင်းလမ်းတွင် သက်သောင့်သက်သာ လျှောက်လှမ်းနိုင်ရေး အတွက် လိုအပ်သည့်ပြင်ဆင်မှုများ စီစဉ်ပုံဖော်ပေးသည်။

သိပ်ပြီး မသိသာမထင်ရှားသည့် အချက်ကတော့ နောင်လာမည့် အနှစ် ၂၀ အတွင်း ကျွန်တော် သူတို့ကို သင်ကြားပေးမည့်အရာများကို သူတို့ တတ်မြောက်သွားအောင် ဘယ်လို သင်ကြားပေးခဲ့မည်လဲဆိုသည့်အချက် ဖြစ်၏။ ထိုသို့သော ပညာပေးစကားတွေ ပြောရလောက်အောင် သူတို့က အရွယ်မရောက်သေး။ ငယ်လွန်းသေးသည်။ ကိုယ့်သားလေးနှင့် ကိုယ့်သမီးလေး အမှားနှင့်အမှန်ကို ခွဲခြားသိတတ်အောင် သင်ကြားပေးဖို့၊ လောကတွင် ဘာတွေက အရေးကြီးပြီး၊ ဘာတွေက အရေးမကြီးကြောင်း ခွဲခြားသိတတ်အောင် သင်ကြားပေးဖို့၊ နောက်ပြီး ဘဝ၏စိန်ခေါ်ချက်များကို ဘယ်လိုကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားရမည်ဆိုတာတွေ သင်ကြားပေးဖို့... ဒါတွေကတော့ မိဘအားလုံး၏ ရင်ထဲကဆန္ဒတွေပဲလေ။ ကျွန်တော်တို့၏ ကိုယ်ပိုင်ဘဝများမှ တချို့ဇာတ်လမ်းတွေကိုလည်း သူတို့ကလေးတွေ ကြားစေ၊ သိစေလိုပါသည်။ များသောအားဖြင့် ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနည်းကလေးများ ပါဝင်သည့် ဇာတ်လမ်းကလေးတွေပေါ့။ ထိုသို့ သင်ပြချင်သည့် ဆန္ဒကြောင့်ပင် ကာနက်ဂျီမယ်လွန်တက္ကသိုလ်တွင် "နောက်ဆုံး ပို့ချချက်" တစ်ရပ် ပြောဟောပို့ချဖို့အကြောင်း ဖြစ်လာပါတော့သည်။

ပုံမှန်အားဖြင့်ဆိုလျှင် ဤသို့သော ဟောပြောပို့ချချက်များကို ဗီဒီယို ရိုက်ထားလေ့ရှိ၏။ ထိုနေ့က ကျွန်တော် ဘာလုပ်ခဲ့သည်ကို ကျွန်တော် သိပါသည်။ ပညာရေးဆိုင်ရာ ဟောပြောပို့ချချက်တစ်ခု ပို့ချသည့် လှည့်ကွက်ကို သုံးပြီး ကျွန်တော် အမှန်တကယ်လုပ်ခဲ့သည်မှာ ကျွန်တော့်ကိုယ် ကျွန်တော် ပုလင်းတစ်လုံးထဲ သွတ်သွင်းလိုက်ခြင်းဖြစ်၏။ အဆိုပါပုလင်းသည် ကျွန်တော့်ကလေးများ

mgyoe.com

mgyoe.com
SAMPLE BOOK


အတွက် သဲသောင်စပ်တစ်ခုတွင် သွားတင်နေပါလိမ့်မည်။ ကျွန်တော်က ပန်းချီဆရာတစ်ဦးဖြစ်သည်ဆိုလျှင် သူတို့အတွက် ပန်းချီကားတွေ ရေးဆွဲပေးခဲ့မည်။ ကျွန်တော်က ဂီတသမားတစ်ဦးဖြစ်လျှင် သူတို့အတွက် တေးဂီတတွေ ရေးဖွဲ့သီကုံးပေးခဲ့မည်။ သို့ပေမဲ့ ကျွန်တော်က ကထိကတစ်ဦး။ သည်တော့ ကျွန်တော် ဟောပြောပို့ချခဲ့သည်။

ကျွန်တော် သင်ကြားပို့ချခဲ့သည်မှာ ဘဝ၏ အနှစ်သာရအကြောင်း လူ့ဘဝမှာ နေထိုင်ရတော့မည့်အချိန် ဘယ်လောက်နည်းနည်းကလေးပဲ ကျန်တော့သည့်တိုင် ဘဝကို ကျွန်တော် ဘယ်လောက်တန်ဖိုးထား မြတ်နိုးသည့် အကြောင်းတို့ဖြစ်၏။ ကျွန်တော် အမြတ်တနိုး ဖက်တွယ်ထားသည့် ရိုးသားဖြောင့်မတ်ခြင်း၊ သိက္ခာသမာဓိရှိခြင်း၊ ကျေးဇူးသိတတ်ခြင်းနှင့် အခြားအကြောင်းအရာများအကြောင်းလည်း ပြောပြခဲ့သည်။ ထိုသို့ဟောပြောပို့ချရာ၌ နားဆင်ရသူတွေ မပျင်းရိ မငြီးငွေ့အောင် ကျွန်တော် အစွမ်းကုန် ကြိုးစားခဲ့ပါသည်။

တရားဟောစင်ပေါ်တွင် စခဲ့သည့် ဓာတ်လမ်းကို ဤစာအုပ်ဖြင့် တစ်နည်းတစ်ဖုံ ဆက်ပြောပါမည်။ အချိန်က တန်ဖိုးရှိလွန်းသည် ဖြစ်ရာရသည့်အချိန်ကလေးတွင် ကျွန်တော့်ချာတိတ်များနှင့်အတူ နေထိုင်ချင်ပါသည်။ ထို့ကြောင့် ကျွန်တော့်အား ကူညီပါရန် ဂျက်ဖရီဇက်စလိုအား အကူအညီတောင်းခဲ့သည်။ ကျွန်တော့်နိုးနားဝန်းကျင်သို့ တစ်နေ့တစ်ကြိမ် စက်ဘီးနင်းပြီး လှည့်ပတ်သွားလာသည်။ ကျွန်တော့် ကျန်းမာရေးအတွက် မလုပ်မဖြစ် လိုအပ်သော လေ့ကျင့်ခန်း။ စက်ဘီးဖြင့် ခရီးရှည်ကြီးပေါင်း ၅၃ ခေါက်တိတိ စီးနင်းသွားလာခဲ့၏။ ကျွန်တော်က ကျွန်တော့် ပါးစပ်ရှေ့တွင် တပ်ဆင်ထားသော ဆဲလ်ဖုန်းကလေးဖြင့် ဂျက်ဖ်အား လှမ်းစကားပြောသည်။ သူက နာရီပေါင်းများစွာ အချိန်ကုန်ခံ အင်အားစိုက်ထုတ်ပြီး ကျွန်တော်ပြောပြသည့် ဓာတ်လမ်းများကို စာအုပ်အဖြစ် အသွင်ပြောင်းပစ်သည်။ ဤစာအုပ်ထဲမှာ ပါဝင်သည့်ဓာတ်လမ်းများကို

mgyoe.com

mgyoe.com  SAMPLE BOOK

'သင်ကြားပို့ချချက်' ၅၃ ခုဟု ခေါ်ဆိုသော် ရမည်ထင်ပါသည်။

ဤစာအုပ်ကို ရေးဖို့ စပြီးကြံစည်စဉ်ကတည်းက ကျွန်တော်တို့ သိပြီးသားပါ။ ဤစာအုပ်သည် သက်ရှိထင်ရှား မိဘတစ်ဦး နေရာတွင် အစားထိုးဝင်ရောက်ခြင်း ပြုနိုင်မည်မဟုတ်။ သို့ပေမဲ့ ပြုပြင်တည်ဆောက်ခြင်းဆိုသည်မှာ ပြီးပြည့်စုံသောအဖြေများ ဖော်ထုတ်ခြင်းမဟုတ်။ ပြုပြင်တည်ဆောက်ခြင်းဆိုသည်မှာ ရသရွေ့ လက်လှမ်းမီရာ အရင်းအမြစ်များဖြင့် အစွမ်းကုန် ကြိုးစားအားထုတ်ခြင်းသာ ဖြစ်၏။ သင်ကြားပို့ချချက်များ ဟောပြောခြင်းရော၊ ဤစာအုပ်ရေးသားပြုစုခြင်းပါ အားထုတ်မှု နှစ်ရပ်စလုံးသည် ပြုပြင် တည်ဆောက်ဖို့ ကျွန်တော်၏ အားထုတ်မှုတစ်ရပ်သာ ဖြစ်ပါကြောင်း။

●

mgyoe.com

mgyoe.com SAMPLE BOOK

# [ ၁ ]

## နောက်ဆုံးသင်ကြားပို့ချချက်

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

## ဟိန်းချင်နေသေးတဲ့ အနာတရ ခြသေ့်ကြီး

'နောက်ဆုံးပို့ချချက်' ဟူသောခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့သည့် ပါမောက္ခ တွေ အများကြီး။ ထိုအထဲမှ တစ်ဦးဦးကို သင် တွေ့ဖူးကောင်း တွေ့ဖူးပါလိမ့်မည်။

ထိုသို့ ဟောပြောပို့ချခြင်းသည် တက္ကသိုလ်ပရဝဏ်တွင် လုပ်ရိုးလုပ်စဉ် လုပ်ရပ်တစ်ခု ဖြစ်နေပြီ။ ပါမောက္ခအား သူတို့ ကွယ်လွန်သွားပြီဟု မှတ်ယူစေလိုကြောင်း၊ ထို့ကြောင့် သူတို့ဘဝတွင် သူတို့တန်ဖိုးထား မြတ်နိုးသည့် အကြောင်းရပ်များနှင့်ပတ်သက်၍ ပြန်ပြောင်း ဝေဖန် အကဲဖြတ်သော ဟောပြောပို့ချချက်တစ်ရပ် ပြုလုပ်ပေးပါရန် ၎င်းပါမောက္ခများအား ပန်ကြားလေ့ရှိကြ၏။ ၎င်းပါမောက္ခများ ဟောပြောနေချိန်တွင် တက်ရောက်နားထောင်သည့် ပရိသတ်သည် တူညီသော မေးခွန်းတစ်ခုကို မစဉ်းစား၊ မကြံဆဘဲ မနေနိုင်ကြချေ။ ဤအချိန်၊ ဤအခါသမယကလေးသည် ကျွန်တော်တို့အနေဖြင့် လူ့လောကတွင် နောက်ဆုံးနေထိုင်ရသည့် အခွင့်အရေးဖြစ်မှန်း ကျွန်တော်တို့ သိနေလျှင် ကမ္ဘာလောကကြီးအတွက် မည်သို့သော အသိပညာတွေ ဖြန့်ဝေပေးခဲ့မည်လဲ။ ကျွန်တော်တို့ မနက်ဖြန်တွင် ကမ္ဘာလောကကြီးပေါ်မှ ပျောက်ကွယ်သွားရတော့မည်ဆိုလျှင် ကျွန်တော်တို့၏ အမွေအဖြစ် ဘာတွေထားရစ်ခဲ့ချင်မည်လဲ။

ကာနက်ဂျီမယ်လွန်တက္ကသိုလ်တွင် "နောက်ဆုံးပို့ချချက်များ" စီကာ

mgyoe.com

mgyoe.com
SAMPLE BOOK


စဉ်ကာ ပြုလုပ်ခဲ့သည်မှာ နှစ်ပေါင်း တော်တော်ကြာခဲ့ပြီ။ သို့သော် ထိုအစီအစဉ်တွင် ပါဝင် ဟောပြောပေးဖို့ ကျွန်တော့်အား ပြောဆိုလာသောအခါ စီစဉ်သူများက သူတို့၏ အစီအစဉ်ခေါင်းစီးကို "ခရီးစဉ်များ" ဟု ပြန်လည်အမည်ပေးခဲ့ကြ၏။ လက်ရွေးစင် ပါမောက္ခများအနေဖြင့် "သူတို့ဖြတ်သန်းခဲ့သည့် ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ ခရီးရှည်ကြီးများအကြောင်း ပြန်ပြောင်း ဆင်ခြင်သုံးသပ်ချက်များ" ဟောပြောပေးဖို့ မေတ္တာရပ်ခံခဲ့ကြသည်။ သူတို့ရွေးထားသည့် အကြောင်းအရာသည် စိတ်လှုပ်ရှား တက်ကြွစရာကောင်းသော အကြောင်းအရာတော့မဟုတ်။ သို့ဖြစ်သော်လည်း သူတို့မေတ္တာရပ်ခံချက်အတိုင်း ဟောပြောပေးဖို့ ကျွန်တော်သဘောတူခဲ့၏။ စက်တင်ဘာတွင် ဟောပြောဖို့ ကျွန်တော့်ကို စာရင်းတို့ခဲ့ကြသည်။

ထိုအချိန်ရောက်တော့ ကျွန်တော့်တွင် ပန်ကရိယကင်ဆာ (Pancreatic Cancer) ရောဂါ ဖြစ်နေပြီဆိုတာ သိနေရပြီ။ သို့ပေမဲ့ ကျွန်တော်က အကောင်းမြင်သူ။ ကံကောင်းထောက်မပြီး ရှင်ကျန်သူများထဲတွင် ကျွန်တော်ပါချင်ပါနေမှာပေါ့။

ကျွန်တော် ဆေးကုသမှု ခံယူနေစဉ်အတွင်း ဟောပြောပို့ချချက် အစီအစဉ်များကို ဆက်လက်ပြုလုပ်နေကြသည်။ အခြားပါမောက္ခများ၏ ဟောပြောပို့ချချက်များကို ကျွန်တော့်ထံ အီးမေးလ်ဖြင့် တစိုက်မတ်မတ် ပို့ပေးကြသည်။ ပြီးတော့ "ဆရာက ဘာအကြောင်း ဟောပြောမှာလဲ" ဟု မေးကြသည်။ "ဆရာ့စိတ်ကူးကို အရိပ်အမြွက်လေး ပြောပြပါ" ဟုလည်း မေတ္တာရပ်ခံကြသည်။ ပညာရပ်သင်ကြားမှုဆိုင်ရာ အသိုက်အဝန်းတွင် လူတစ်ဦးသည် သူ့ကိုယ်သူ မသေအောင် ကြိုးစားဆေးကုနေရသကဲ့သို့သော အခြားအာရုံစိုက်စရာတွေ ဘယ်လောက်ရှိနေသည်ဖြစ်စေ လျစ်လျူရှုထားလို့မရသည့် ကျင့်စဉ်တစ်ရပ်ရှိနေသည်။ ဩဂုတ်လလယ်လောက်ရောက်တော့ သူတို့ အကြောင်းကြားလာသည်။ ကျွန်တော် ဟောပြောပို့ချမည့်အကြောင်း ပိုစတာတစ်ရွက် ပုံနှိပ်ရမည်ဖြစ်ကြောင်း၊ သည်တော့ ကျွန်တော့်အနေဖြင့် ဟောပြောမည့် 'ခေါင်းစဉ်' ကို ရွေးချယ် ဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်းဖြင့်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ထိုသီတင်းပတ်အတွင်းမှာပင် ကျွန်တော် သတင်းဆိုးတွေ ကြားရသည်။ ကျွန်တော့်အား နောက်ဆုံးပြုလုပ်ပေးသည့် ကုသချက် မအောင်မြင်ကြောင်း၊ ကျွန်တော် လပိုင်းမျှသာ အသက်ရှင်နေထိုင်ခွင့်ရတော့မည်ဖြစ်ကြောင်း။

ဟောပြောပို့ချချက် အစီအစဉ်ကို ဖျက်ပစ်လို့ရကြောင်း ကျွန်တော်သိသည်။ လူတိုင်း နားလည်သဘောပေါက်မှာပါ။ အခြားလုပ်ကိုင်ဆောင်ရွက်စရာတွေ ဗြုန်းစားကြီးပေါ်လာလေပြီ။ မိမိကိုယ်တိုင်၏ရင်ထဲမှာ ဖြောင်းဆန်နေသည့် ပူဆွေးသောကများကို ဦးစွာ ငြိမ်သက်စေရဦးမည်။ ပြီးတော့ ကျွန်တော့်အား ချစ်ခင်သူများ၏ ဝမ်းနည်းကြေကွဲမှုများကို လျော့ပါးစေရဦးမည်။ ကျွန်တော့်မိသားစု၏ အရေးအခင်းများ စနစ်တကျ အနည်ထိုင်သွားအောင် ကျွန်တော် စိတ်ရောကိုယ်ပါ ကြံဆောင်ရတော့မည်။ သို့တိုင် အစစအရာရာ ဘေးကျပ်နံကျပ်ဖြစ်နေသည့်တိုင် ဟောပြောပွဲပြုလုပ်ဖို့ စိတ်ကူးကို ဖျောက်ဖျက်ပစ်လို့မရ။ နောက်ဆုံးပို့ချချက် အစီအစဉ်ကြောင့် ကျွန်တော် အားတွေတက်ခဲ့သည်။ တက်ကြွခဲ့သည်။ ခုတော့ နောက်ဆုံးပို့ချချက်သည် ကျွန်တော့်အတွက် အမှန်တကယ် နောက်ဆုံးပို့ချချက်ဖြစ်နေပါပြီကော။ ကျွန်တော် ဘာတွေပြောနိုင်ပါမည်လဲ။ ကျွန်တော့်ဟောပြောချက်ကို သူတို့ ဘယ်လိုသဘောထားကြမည်လဲ။ ဟောပြောချက်ကို ရေရေလည်လည် ပတ်ပတ်နပ်နပ်မှ ဟောပြောနိုင်ပါမည်လား။

"သူတို့ ကိုယ့်ကို နောက်ဆုတ်ခွင့်ပြုမှာပါ" ဇနီးဖြစ်သူ ဂျေးကို ပြောပြရ၏။ "ဒါပေမဲ့ ကိုယ့်ကိုက သိပ်ပြောချင်နေတာကွ"

ဂျေးက ဘယ်တော့မဆို ကျွန်တော့်ကို အားပေးအားမြှောက်ပြုခဲ့သူ။ ကျွန်တော် အားတက်သရောဖြစ်နေပြီဆိုလျှင် သူမလည်း တက်တက်ကြွကြွ ဖြစ်နေလေ့ရှိသူ။ သို့ပေမဲ့ ဤနောက်ဆုံးပို့ချချက် စိတ်ကူးတစ်ခုလုံးကိုတော့ မယုံမရဲဖြစ်နေသည်။ ကျွန်တော်တို့ ပစ်ဘာ့ဂ်မှ ဗာဂျီးနီးယား အရှေ့တောင်ပိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ သို့မှ ကျွန်တော် ကွယ်လွန်ပြီးနောက်ပိုင်း ဂျေးနှင့် ကလေးတွေ သူမမိသားစုနှင့် နီးနီးနားနားနေထိုင်နိုင်စေရန်။ တန်ဖိုးဖြတ်လို့မရသော ကျွန်တော့်အချိန်များကို သားသမီးလေးတွေနှင့်သာ လက်ပွန်းတတီး နေထိုင်သင့်သည်၊ (သို့မဟုတ်) အိမ်သစ်ကို နေသားတကျဖြစ်အောင် ပြင်ဆင်သင့်သည်ဟု ဂျေးက ယူဆသည်။ သည်လိုပြုမူနေမည့်အစား

mgyoe.com

mgyoe.com
SAMPLE BOOK


ဟောပြောမည့် ပို့ချချက်ကို တကုပ်ကုပ်ရေးပြီး အချိန်တွေ ကုန်မှာကို မလိုလား။ နောက်ရေးပြီးတော့ ဟောပြောဖို့ ပစ်ဘာ့ဂ်သို့ တစ်ခေါက် ပြန်သွားရဦးမည်ကိုလည်း မနှစ်မြို့။

"ကျွန်မကို အတ္တကြီးသူရယ်လို့ ပြောပါ။ ဒါပေမဲ့ ကျွန်မက မောင့်ကို အကြွင်းမဲ့ လိုချင်တာ။ ဒီဟောပြောပို့ချချက်အတွက် အလုပ်လုပ်နေရတဲ့ အချိန်တွေဟာ ဆုံးရှုံးသွားတဲ့အချိန်တွေပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တွေဟာ မောင် ကလေးတွေနဲ့၊ ကျွန်မနဲ့ ခွဲခွာနေရတဲ့ အချိန်တွေမို့လို့ပဲ"

သူမ၏စကား ဘယ်နေရာမှ မြစ်ဖျားခံလာသည်ကို ကျွန်တော် သိသည်။ သဘောပေါက်သည်။ ကျွန်တော် မကျန်းမမာ စဖြစ်လာကတည်းက ချစ်ဇနီး ဂျေးကို အစစအရာရာ လိုက်လျောတော့မည်ဟု မိမိကိုယ်မိမိ ကတိပြုထားသည်။ နောက်ပြီး သူမ၏လိုအင်ဆန္ဒများကို တန်ဖိုးထားလေးစားဖို့လည်း စိတ်ဆုံးဖြတ်ထားသည်။ ကျွန်တော့် ကျန်းမာရေးအခြေအနေကြောင့် ပေါ်ပေါက်လာသည့် ဝန်ထုပ်ဝန်ပိုးကြီးများ လျော့ပါးသွားအောင် စွမ်းဆောင်ဖို့မှာ ကျွန်တော်၏ ဘဝပေးတာဝန်ဟု ကျွန်တော် ရှုမြင်ထားသည်။ ထို့ကြောင့် ကျွန်တော် မျက်စိနှစ်လုံးပွင့်နေသည့် အချိန်အားလုံးတွင် ကျွန်တော်မရှိတော့သည့်နောက်ပိုင်း ကျွန်တော့်မိသားစု အဆင်ပြေပြေ နေနိုင်အောင် စီမံမှုတွေ ပြုလုပ်နေခဲ့ခြင်းဖြစ်၏။ သို့ဖြစ်သည့်တိုင် နောက်ဆုံး ပို့ချချက်ကို ဟောပြောလိုသည့် ပြင်းပြဆန္ဒကိုမူ ဖျောက်ဖျက်လို့ မရသေး။

ကျွန်တော်၏ ပညာရေးဆိုင်ရာလုပ်ငန်း သက်တမ်းတစ်လျှောက်တွင် ခြိမ့်ခြိမ့်သဲသဲ ဟောပြောပွဲ ကျင်းပခဲ့ဖူးပါသည်။ ပရိသတ်တွေ နှစ်ခြိုက်စွာ လက်ခုပ်တီးခဲ့ရသည့် ပွဲတွေပေါ့။ သို့ပေမဲ့ ကွန်ပျူတာသိပ္ပံပညာဌာနတွင် စကားပြောအကောင်းဆုံး ပါမောက္ခတစ်ဦးဟု အသိအမှတ်အပြုခံရခြင်းသည် လူပုကလေးခုနစ်ယောက်ထဲတွင် အမြင့်ဆုံးဟု အသတ်မှတ်ခံရသည်သို့ ဖြစ်နေ၏။ နောက်ပြီး ထိုစဉ်ကတည်းကပင် ကျွန်တော့်မှာ သည့်ထက်မက များစွာရှိသေးသည်ဟု ခံယူမိ၏။ ကျွန်တော့်မှာရှိတာတွေကို အိတ်သွန်ဖာမှောက် အကုန်အစင်ပေးခွင့်ရလျှင် လူတွေကို ထူးထူးခြားခြား

mgyoe.com

mgyoe.com


တစ်စုံတစ်ခု ပေးနိုင်လိမ့်မည် ထင်သည်။ *အမြော်အမြင်* ဆိုသည့် စကားလုံး ကတော့ ကြီးကျယ်လွန်းပါသည်။ သို့ပေမဲ့ ကျွန်တော် ပေးဆပ်ချင်တာလည်း ဒါပဲ ဖြစ်ကောင်းဖြစ်နေပါမည်။

ဘာပဲဖြစ်ဖြစ် ဤအစီအစဉ်ကို ဂျေးက ခုထိတိုင် မကြည့်နိုင်သေး။ နောက်ဆုံးတော့ ဂျေးက သည်ပြဿနာကို ကျွန်တော်တို့ လွန်ခဲ့သည့် လပေါင်းအနည်းငယ်တုန်းက စတင်ပြသခဲ့သည့် စိတ်ကုထုံး ဆရာဝန်မ မီရှဲလ်ရိုက်စ်ထံ သယ်သွားသည်။ သူမက ရောဂါကျွမ်းပြီး သေလုမြောပါး ဖြစ်နေသည့် လူမမာရှိသော အိမ်ထောင်စုများကို ကူညီဖို့ အထူးပြုထားသူ။

"ကျွန်မ သိတယ် ရန်ဒီ" ဂျေးက ဒေါက်တာရိုက်စ်အား ပြောသည်။ "သူက အလုပ်သရဲ ရှင့်။ အဲဒီ ပို့ချချက်ကို သူ စပြီး စုစည်းပြီဆိုတာနဲ့ သူ ဘယ်လိုနေမယ်ဆိုတာ ကျွန်မ သိပြီးသား။ အားအင်ကုန်ခန်းပြီး ဗုန်းဗုန်း လဲကျတဲ့အထိ သူ လုပ်မှာရှင့်"

တကယ်တော့ ဟောပြောပို့ချချက်တစ်ခု ဖြစ်မြောက်အောင် ပြင်ဆင်ခြင်းသည် အသက်ရှင်ရေးအတွက် နပန်းလုံးနေရသည့် ကျွန်တော်တို့ ဘဝများတွင် မလိုအပ်သော အာရုံလွှဲမှုသာဖြစ်သည်ဟု ဂျေးက ငြင်းသည်။

ဂျေးကို စိတ်အနှောင့်အယှက်ပေးနေတာ တစ်ချက်ရှိသေးသည်။ အစီအစဉ် ဆွဲထားသည့်အတိုင်း ဟောပြောမည်ဆိုလျှင် ကျွန်တော် ပစ်ဘာ့ဂ်သို့ တစ်ရက်ကြိုပြီး လေယာဉ်ဖြင့် သွားရမည်။ ထိုနေ့သည် ဂျေး၏ ၄၁ နှစ်မြောက် မွေးနေ့ဖြစ်နေသည်။

"ကျွန်မတို့ မိသားစု စုံစုံညီညီ ဆွဲရမယ့် ကျွန်မရဲ့ မွေးနေ့ပွဲဟာ ဒီပွဲနောက်ဆုံးပဲရှင့်။ မောင်က ကျွန်မရဲ့မွေးနေ့မှာ ကျွန်မကို တစ်ယောက်တည်းထားခဲ့ပြီး ခရီးထွက်မလို့လား"

ဟုတ်ပါသည်။ ထိုနေ့ထိုရက်မှာမှ ဂျေးကိုထားပြီး တခြားသို့ သွားရမည့်အရေး တွေးမိတော့ ကျွန်တော့်ရင်မှာ နာကျင်မိပါသည်။ သို့ဖြစ်သည့်တိုင် ဟောပြောပို့ချချက် စွန့်လွှတ်ရေးကိုလည်း မတွေးနိုင်ပြန်။ ဤဟောပြောပွဲသည် ကျွန်တော့်ဝမ်းကျောင်းလုပ်ငန်း သက်တမ်းတစ်လျှောက်တွင် နောက်ဆုံးပြုလုပ်ခွင့်ရမည့် ပို့ချချက်တစ်ခုအဖြစ် ကျွန်တော် မြင်လာသည်။ တစ်နည်းအားဖြင့် ကျွန်တော်၏ လုပ်ငန်းမိသားစုကို ခွဲခွာနှုတ်ဆက်စကား

mgyoe.com

mgyoe.com SAMPLE BOOK


ပြောပွဲလည်းဖြစ်သည်။ ဤဟောပြောပို့ချပွဲတွင် အပြောအဟောသမ္ဘာတွေ ပြပြီး ရွှန်းရွှန်းဝေအောင် ပြောလိုက်ခြင်းသည် အနားယူတော့မည့် ဘေ့စ်ဘောပစ်သူတစ်ဦး နောက်ဆုံးတစ်ချီ လက်စွမ်းပြ ပစ်ပြသည်သို့ ရှိမည်ဟု လည်း ကျွန်တော် အတွေးကွန့် ကြည့်မိသည်။ အသက်အရွယ်ကြီးရင့်ပြီး ဖြူခါပြာခါကျနေသည့် ဘေ့စ်ဘောကစားသမားကြီး ရှိုင်ဟော့ဘ်တစ် ယောက် ယုံနိုင်လောက်စရာမရှိအောင် လှလှပပ ရိုက်ပြသွားသည့် နောက် ဆုံးရိုက်ချက်ကို The Natural မဂ္ဂဇင်းထဲမှာ ဖော်ပြသွားတာ ကျွန်တော် တစ်သက်လုံးမမေ့။ တစ်သက်လုံး စွဲမက်နေခဲ့သည်။

ဂျေးနှင့် ကျွန်တော် ပြောပြသည်များကို ဒေါက်တာရိုက်စ် စူးစူးစိုက် စိုက် နားထောင်သည်။ ဂျေးသည် စိတ်ဓာတ်ခိုင်မာပြီး ချစ်တတ်သော မိန်းမ သားတစ်ဦး။ သူမက ခင်ပွန်းသည်တစ်ဦးနှင့် အတူလက်တွဲပြီး ပြည့်ဝသော ဘဝတစ်ခု ထူထောင်ဖို့ ၁၀ စုနှစ်ပေါင်းများစွာ အချိန်ယူဖို့ ရည်စူးထားသူ။ ပြည့်ဝသော ဘဝတစ်ခုဆိုသည်ကတော့ လူလားမမြောက်သေးသည့် ကလေးအရွယ် လူမမည်သားကလေးတွေနှင့် သမီးကလေးအား တင့်တောင့် တင့်တယ် လူငယ်ကလေးများ ဖြစ်လာအောင် လင်ယောကျ်ားနှင့်အတူ စိတ်တူကိုယ်တူ ပြုစုပျိုးထောင်ခြင်း။ ဂျေးအား ထိုသို့သော မိန်းမတစ်ယောက် အဖြစ် တွေ့မြင်ရသည်ဟု ဒေါက်တာရိုက်စ်က ပြောသည်။

ကျွန်တော်ကတော့ အိမ်ထောင်ရှင်ဘဝကို အပြည့်အဝခံယူဖို့ အသင့် မဖြစ်သေးသလို သေရွာသို့ သွားဖို့လည်း အသင့်မဖြစ်သေးသူတစ်ဦး။

"ဟောဒီပို့ချချက်ဟာ ကျွန်တော် အလေးထားသူ တော်တော်များများ ကျွန်တော့်ကို သက်ရှိထင်ရှားတွေ့ရမှာ နောက်ဆုံးအကြိမ် ဖြစ်သွားလိမ့် မယ်" ဟု ဒေါက်တာရိုက်စ်အား ရှင်းရှင်းပြတ်ပြတ် ပြောပြသည်။ "ဒီပို့ချ ချက်ကို ဟောပြောခြင်းအားဖြင့် ဘဝမှာ ကျွန်တော် ဘာတွေအလေးထား အရေးစိုက်ဆုံးလဲဆိုတာ စဉ်းစားတွေးခေါ်ဖို့ အခွင့်အရေးရလာတယ်။ လူတွေ ကျွန်တော့်ကို ဘယ်လိုသတိရကြမလဲဆိုတာ ခိုင်မာစွာ သိလာစေမယ်။ နောက်ပြီး ကျွန်တော် ထွက်ခွာသွားရင်း ကျွန်တော် တတ်နိုင်တဲ့ ကောင်းကျိုး တစ်ခုခု ပြုလုပ်သွားချင်တယ်လေ"

ဒေါက်တာရိုက်စ်၏ ရုံးခန်းထဲရှိ ဆိုဖာပေါ်တွင် ဂျေးနှင့် ကျွန်တော်တို့

mgyoe.com

mgyoe.com
SAMPLE BOOK


မျက်ရည်ပင်လယ်ဝေလျက် တစ်ဦးကိုတစ်ဦး တင်းတင်းကျပ်ကျပ် ဖက်ထားကြသည်ကို ဒေါက်တာရိုက်စ်က တစ်ကြိမ်မကတွေ့မြင်ခဲ့ရသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ဦးအပေါ်တစ်ဦးထားရှိသည့် တန်ဖိုးထားလေးစားမှုကို သူမ တွေ့မြင်ရသည်ဟု ဒေါက်တာရိုက်စ်က ပြောသည်။ ကျွန်တော်တို့နှစ်ယောက် နောက်ဆုံးဆိုသည့် အချိန်အခါကလေးတွင် သင့်မြတ်မှန်ကန်အောင် နေထိုင်ဖို့ ကြိုးစားကြသည်ကို ကြည့်ပြီး သူမ ရင်ထဲ၊ အသည်းထဲက လှိုက်လှဲခံစားလာရသည် ဆို၏။ သို့သော် ကျွန်တော် နောက်ဆုံးပို့ချချက် ပြုလုပ်သင့်၊ မသင့်မှာမူ သူမ ချင့်ချိန်ဆုံးဖြတ်သင့်သည့်ကိစ္စမဟုတ်ဟု ဆိုသည်။

"အဲဒီကိစ္စကတော့ ရှင်တို့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရမယ့်ကိစ္စရှင့်" ဟု သူမ ပြောသည်။ နောက်ပြီး ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် သင့်မြတ်မှန်ကန်သည့် ဆုံးဖြတ်ချက် တစ်ခုချနိုင်ဖို့ တစ်ဦးပြောတာကို တစ်ဦးက နှလုံးသားဖြင့် နားထောင်ကြဖို့ တိုက်တွန်းသည်။

ဂျေးက ဘာမျှမပြော။ ရေငုံနှုတ်ပိတ်နေသည်။ သည်တော့ ကျွန်တော်၏ အရင်းခံစိတ်ဓာတ်ကို ဖြောင့်ဖြောင့်မတ်မတ် ဝေဖန်သုံးသပ်ဖို့ လိုလာပြီဆိုတာ ကျွန်တော်သိသည်။ သည်ဟောပြောပွဲက ဘာ့ကြောင့် ကျွန်တော့်အတွက် သည်လောက်အရေးကြီးနေရသလဲ။ ကျွန်တော် သက်ရှိထင်ရှားထီးထီးကြီး ရှိနေသေးသည်ဆိုတာ ကိုယ့်ကိုယ်ကိုယ်နှင့် အများတကာကို သတိဖော်ပေးဖို့လား။ ကျွန်တော် ဟောနိုင်ပြောနိုင်စွမ်းရှိပါသေးသည်ဆိုတာ လက်တွေ့သက်သေပြဖို့လား။ ထင်ပေါ်ကျော်ကြားမှု မက်မောသူတစ်ဦး နောက်ဆုံးအကြိမ်အဖြစ် ဟိတ်ဟန်တွေ ထုတ်ပြလိုစိတ် ပြင်းပြနေတာလား။ အဖြေက ရှင်းပါသည်။ မှန်သည်။ ဘယ်ဘက်မှ ကြည့်ကြည့်၊ မှန်နေသည်။

"ဒဏ်ရာ အနာတရဖြစ်နေတဲ့ ခြသေ့်တစ်ကောင်က သူ ဟိန်းနိုင်သေးရဲ့လားဆိုတာ သိချင်တဲ့သဘောပေါ့ကွာ" ဟု ကျွန်တော် ဂျေးကို ပြောသည်။ "ဒါဟာ ဂုဏ်သိက္ခာ စောင့်ထိန်းခြင်း၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားလေးစားခြင်းတို့နဲ့ ဆိုင်တယ်။ ဒါဟာ မောက်မာဝင့်ကြွားခြင်းနဲ့ မတူဘူး"

သည်အထဲတွင် အလုပ်တစ်ခုလည်း ပါဝင်နေသည်။ ဤဟောပြောပွဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

သည် ကျွန်တော့်အတွက် ယာဉ်တစ်စီး။ သည်ယာဉ်ကို စီးနင်းပြီး ကျွန်တော် မြင်တွေ့နိုင်စွမ်းမရှိသည့် အနာဂတ်ဘဝသို့ သွားရမည်။ ခုတော့ သည်ဟော ပြောပွဲကို ယခုလိုပင် စတင်ရှုမြင်နေမိပြီ။

ချာတိတ်တွေ၏ အသက်များကို ဂျေးအား သတိဖော်ပေးရသည်။ သူတို့ ကလေးတွေ၏ အသက်များမှာ ငါးနှစ်၊ နှစ်နှစ်နှင့် တစ်နှစ်။

ကိုယ်ပြောမယ်၊ ငါးနှစ်သားသာ ရှိသေးတဲ့ ဒိုင်လန်ဟာ ကိုယ့်အကြောင်း အမှတ်တရကလေး အနည်းအကျဉ်းနဲ့ ကြီးပြင်းလာမှာပေါ့။ ဒါပေမဲ့ သူ ဘယ်လောက်မှတ်မိမှာလဲ။ မင်းတို့ ကိုယ်တို့ ငါးနှစ်အရွယ်တုန်းက ဖြစ်ခဲ့၊ ပျက်ခဲ့တာတွေကို ဘာများမှတ်မိလို့လဲ။ သူနဲ့ကိုယ်နဲ့ ဘယ်လိုဆော့ကစား ခဲ့ကြတယ်ဆိုတာ ဒိုင်လန် မှတ်မိပါ့မလား။ မှတ်မိရင်တောင်မှ ရေးတေး တေးပဲ မှတ်မိတော့မှာပေါ့။

"နောက်ပြီး လိုဂန်နဲ့ ရှလိုး တို့ကျတော့ကော...။ သူတို့မှာ အမှတ်တရဆို တာ ရှိမှာမဟုတ်ဘူး။ ဘာဆိုဘာမှမှတ်မိမှာမဟုတ်ဘူး။ အထူးသဖြင့် ရှလိုးကလေးပေါ့။ ကိုယ်လေ မင်းကို ပြောပြနိုင်တာတစ်ခု ရှိတယ်။ ချာတိတ် တွေ ကြီးပြင်းလာတဲ့အခါမှာ သူတို့ တမ်းတမ်းတတနဲ့ သိချင်စိတ်တွေ ပေါ်လာတဲ့အချိန် တစ်ချိန်ရှိလာလိမ့်မယ်။ သူတို့ရင်ထဲမှာ တစစ်စစ်နဲ့ ဖြစ်ပေါ်လာတဲ့ သိချင်စိတ်က 'သားရဲ့ဖေဖေက ဘယ်သူလဲ။ သူက ဘယ်လို လူစားလဲ' ဆိုတာတွေ မေးလိမ့်မယ်။ အဲဒီမေးခွန်းတွေကို ဖြေဖို့ ဒီဟောပြော ပွဲက အကူအညီပေးနိုင်လိမ့်မယ်"

ဤဟောပြောပွဲကို ကာနက်ဂျီမယ်လွန်က သေချာပေါက် မှတ်တမ်းတင် ထားအောင် ကျွန်တော် စီစဉ်ခဲ့မည်ဖြစ်ကြောင်း ဂျေးအား ပြောပြရသည်။

"ကိုယ် မင်းကို ဒီဗီဒီ တစ်ချပ် ပေးခဲ့မယ်ကွာ။ ချာတိတ်တွေ ကြီးပြင်း လာတဲ့အခါ မင်း သူတို့ကို ဒီအခွေ ဖွင့်ပြလို့ ရတာပေါ့။ ကိုယ် ဘယ်သူလဲ ဆိုတာတို့၊ ကိုယ်ဘာတွေကို တန်ဖိုးထားခဲ့တယ်ဆိုတာတို့ကို သူတို့ကလေး တွေ နားလည်လာအောင် ဒီအခွေက ကူညီနိုင်မယ်လေ"

ကျွန်တော့်စကားကို ဂျေးက အစအဆုံး ပြီးအောင် နားထောင်သည်။ ထို့နောက် အထင်းသား သိသာမြင်သာသော မေးခွန်းကို မေးသည်။

"ကလေးတွေကို မောင်ပြောချင်တဲ့ စကားတွေရှိရင် (ဒါမှမဟုတ်) အကြံ

mgyoe.com

mgyoe.com

SAMPLE BOOK


ပေးချင်တာရှိရင် ဘာဖြစ်လို့ ဗီဒီယိုကင်မရာတစ်လုံး သုံးချောင်းထောက် စင်ပေါ်တင်ပြီး ဧည့်ခန်းထဲမှာ ဘာဖြစ်လို့ ရိုက်မထားတာလဲ"

သည်နေရာတွင် သူပြောတာ မှန်ကောင်းမှန်နိုင်သည်။ မှန်ချင်မှလည်း မှန်မည်။ တောနက်ကြီးထဲက ထိုဒဏ်ရာရ ခြင်္သေ့ကြီးကဲ့သို့ပင် ကျွန်တော်၏ ဘူမိနက်သန် နေရာမှန်ကလည်း တက္ကသိုလ်ပရဝဏ် ဖြစ်နေသည်။ စာသင်သားတွေ၏ ရှေ့မှောက်မှာ ဖြစ်နေသည်။

"ကိုယ်သင်ယူဆည်းပူးလို့ရတာ တစ်ခုရှိတယ်ကွဲ့။ အဲဒါက မိဘတွေက ကိုယ့်ကလေးတွေကို သွန်သင်ဆုံးမတဲ့အခါမျိုးမှာ ပြင်ပအတည်ပြုချက်ကို ရယူတာ မမှားနိုင်ဘူးတဲ့။ တကယ်လို့ ကိုယ်ဟောတာ ပြောတာကို သင့်တင့် လျောက်ပတ်တဲ့အချိန်မှာ ပရိသတ်က ရယ်ဖော်ရတယ်၊ လက်ခုပ်တီးဖော်ရ တယ်ဆိုရင် ချာတိတ်တွေကို ကိုယ်ပြောပြတဲ့အချိန်မှာ စောစောကအချက် တွေက ကိုယ့်ပြောပြချက်တွေကို ပို့ပြီး လေးနက်အောင် လုပ်ပေးနိုင်တာပေါ့"

ဂျေးက သေခါနီးဆဲဆဲ သူ့မောင်တော် ပရိသတ်အချစ်တော်ကြီးကို ပြုံးပြသည်။ နောက်ဆုံးတွင် သူမ အလျှော့ပေးလိုက်သည်။ ကျွန်တော် သည် ကျွန်တော့်ကလေးတွေအတွက် ဘယ်နည်းဘယ်ပုံ အမွေပေးခဲ့ရမည် လဲဟု နည်းလမ်းရှာနေတာဖြစ်ကြောင်း သူမ သိနေသည်လေ။ ဟုတ်ပြီလေ။ ဤဟောပြောပွဲသည် အမွေထားခဲ့နည်းတစ်နည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။

ဂျေး၏ခွင့်ပြုချက်ကို ရပြီဆိုတော့ ကျွန်တော် စိန်ခေါ်ချက်တစ်ခုနှင့် ရင်ဆိုင်ရပြီ။ ဤပညာရေးဆိုင်ရာ ဟောပြောပွဲကို နောင် ၁၀ နှစ် (သို့မဟုတ်) ၁၀ နှစ်ကျော်ကာလတွင် နားဆင်ကြမည့် ကျွန်တော့်ချာတိတ်တွေ သဘော ပေါက် နားလည်အောင် ဘယ်လိုဖန်တီးမည်လဲ။ ဘယ်လိုဖန်တီးလို့ ရနိုင် မည်လဲ။

သေချာတာတစ်ခုကတော့ ဤဟောပြောချက်သည် ကျွန်တော် ခံစားနေ ရသည့် ကင်ဆာရောဂါအပေါ် မီးမောင်းထိုးမပြလိုခြင်းပင်။ ကျွန်တော်၏ ဆေးပညာဆိုင်ရာ စွန့်စားခန်းကြီးက စွန့်စားခန်းကြီးပဲပေါ့။ ၎င်းစွန့်စား ခန်းကြီးကို ကျွန်တော် ပြုလုပ်ခဲ့ပြီ။ ပြုလုပ်ခဲ့လို့ ပြီးဆုံးသွားပြီး ကျွန်တော့် ရောဂါဝေဒနာကို မည်သို့ခံစားရကြောင်း၊ ဘယ်လိုရင်ဆိုင်ကျော်လွှားခဲ့ ကြောင်း၊ သည်ရောဂါဝေဒနာကြောင့် ကျွန်တော် အမြင်သစ်၊ အသိသစ်

mgyoe.com

m g y o e . c o m


တွေ ဘယ်လိုရခဲ့ကြောင်းတွေကို ခမ်းခမ်းနားနား အကျယ်တဝင့်ဟောပြောဖို့ ကျွန်တော် စိတ်မဝင်စားရိုး အမှန်။ ကျွန်တော့် ဟောပြောချက်သည် သေအံ့မူးမူးဖြစ်နေသည့်အကြောင်းများဖြစ်မည်ဟု လူတော်တော်များများက မျှော်လင့်ကောင်း မျှော်လင့်ထားလိမ့်မည်။ သို့ပေမဲ့ ကျွန်တော် ဟောပြောမည့် အကြောင်းက ရှင်သန်နေထိုင်ခြင်းအကြောင်း ဖြစ်ပါမည်။

*

"ကျွန်တော့်ကို အများနှင့်မတူ တစ်မူခြားသူတစ်ဦးဖြစ်အောင် ဘာတွေက ဖန်တီးပေးနေသလဲ"

ထိုမေးခွန်းကား ကျွန်တော် မဖြစ်မနေ အာရုံစိုက်ဖြေရမည့် မေးခွန်းဟု ကျွန်တော် ယူဆသည်။ ထိုမေးခွန်းကို ဖြေလိုက်ခြင်းအားဖြင့် ကျွန်တော် ဘာတွေဟောပြောပို့ချရမည်ဆိုတာ သိလာနိုင်သည်။ ကျွန်တော်သည် ဂျေးနှင့်အတူ ပျွန်ဟော့ကင်းဆေးရုံ၊ ဆရာဝန်တစ်ဦး၏ စောင့်ဆိုင်းခန်းထဲမှာ ထိုင်နေသည်။ ရောဂါဗေဒ အစီရင်ခံစာ နောက်တစ်စောင်ကို စောင့်ဆိုင်းနေသည်။ ကျွန်တော်က ကျွန်တော့်အတွေးများကို ဂျေးထံမှ ခွာထုတ်နေမိသည်။

"ကင်ဆာရောဂါက ငါ့ကို တစ်မူထူးသူ ဖြစ်အောင်လုပ်တာမဟုတ်ဘူး" ကျွန်တော် ပြောလိုက်၏။ သည်အချက်ကို ဘာမျှအငြင်းပွားစရာမလို။ တစ်နှစ်တစ်နှစ် ပန်ကရိယကင်ဆာ ရောဂါတစ်မျိုးတည်းကို ခံစားနေရသည့် အမေရိကန်လူမျိုးပေါင်း ၃၇၀၀၀ ကျော် ရှိနေသည်ပဲ။

သည်တော့ ကိုယ့်ကိုယ်ကိုယ် ဘယ်နည်းဘယ်ပုံ ပုံဖော်မည်လဲ။ ကျွန်တော် အသည်းအသန် စဉ်းစားသည်။ ကျွန်တော်သည် ကျောင်းဆရာတစ်ဦး၊ ကွန်ပျူတာသိပ္ပံပညာရှင်တစ်ဦး၊ ခင်ပွန်းသည်၊ ကလေးအဖေ၊ သားတစ်ဦး၊ မိတ်ဆွေတစ်ဦး၊ ညီတစ်ဦး၊ ကျွန်တော့်စာသင်သားများအတွက် ဘဝလမ်းပြတစ်ဦး။ အဆိုပါ ဇာတ်ရုပ်များသည် ကျွန်တော် တန်ဖိုးအထားဆုံး ဇာတ်ရုပ်များ။ သို့သော် အဆိုပါ ဇာတ်ရုပ်များထဲမှ ဇာတ်ရုပ်တစ်ခုခုက ကျွန်တော့်ကို အများနှင့်မတူ တစ်မူထူးအောင် ပြုနိုင်စွမ်းခဲ့သလား။

ထို့နောက် ၎င်းစောင့်ဆိုင်းခန်းထဲတွင် စောင့်ဆိုင်းနေခိုက်မှာပင် အဖြေမှန်ကို သိလိုက်ရ၏။ အဖြေမှန်က ဖျိုးခနဲ ဖျတ်ခနဲ ပေါ်လာသည်။ ကျွန်တော်

m g y o e . c o m

ဘာတွေပဲ ဖြစ်မြောက်အောင်မြင်နေသည်ဖြစ်စေ ကျွန်တော် တကယ်တမ်း ချစ်မြတ်နိုးသည့်အရာများက ကျွန်တော်၏ ကလေးဘဝ အိပ်မက်များနှင့် ရည်မှန်းချက်များထဲတွင် ရှိနေသည်။ နောက်ပြီး ထိုအရာတွေ အားလုံးနီးပါး ကို ဖြစ်မြောက် အောင်မြင်အောင် ကျွန်တော် ကြံဆောင်ခဲ့သည့် နည်းလမ်း တွေထဲတွင် ရှိနေသည်။

ကျွန်တော်၏ထူးခြားချက်များသည် ကျွန်တော့်အိပ်မက်များ၏ အသေး စိတ် အချက်အလက်များပေါ်တွင် မူတည်နေကြောင်း ကျွန်တော် သဘော ပေါက်လာသည်။ ၎င်းအသေးစိတ်အချက်များသည် အလွန်မတန် အဓိပ္ပာယ် ရှိသည့် အချက်များမှသည် အလွန်သမားရိုးကျမဟုတ်သည့် အချက်များ အထိ ပါဝင်မည်။ အဆိုပါ အသေးစိတ်အချက်ကလေးများက ၄၆ နှစ် သက်တမ်းရှိသည့် ကျွန်တော့်ဘဝကို ပုံဖော်ပြနေပေသည်။

တကယ်တော့ ကင်ဆာရောဂါ ခံစားနေရသည့်တိုင် ကျွန်တော်သည် အလွန်ကံထူးသူဖြစ်သည်ဟု ထိုနေ့က ထိုအခန်းထဲတွင် ထိုင်နေရင်း သိမြင် လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ကလေးဘဝအိပ်မက်များကို ရုပ်လုံးဖော်နိုင်ခဲ့သောကြောင့် ဖြစ်၏။ နောက်ပြီး အဆိုပါ ငယ်ဘဝအိပ်မက် များကို ဖြစ်ဖြစ်မြောက်မြောက် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဘာ့ကြောင့် ဆို ဘဝလမ်းခရီးတစ်လျှောက် တွေ့ခဲ့ရသည့် ထူးခြားသူများ သွန်သင်ညွှန်ပြ ပေးခဲ့သော ထွေရာလေးပါး သင်ခန်းစာများကြောင့် ဖြစ်၏။

အကယ်၍ ကျွန်တော့်ဇာတ်လမ်းကို ကျွန်တော် ရင်နှင့်အမျှ ခံစားရသည့် အတိုင်း ပီပီပြင်ပြင် ပေါ်ပေါ်လွင်လွင် ပြန်ပြောပြနိုင်စွမ်းရှိလျှင် ကျွန်တော့် ဟောပြောချက်သည် အခြားသူများ သူတို့အိပ်မက်တွေ ရုပ်လုံးဖော်ရေး အတွက် လမ်းကြောင်းရှာရာတွင် အထောက်အကူပြုနိုင်ကောင်းမည် ထင် ၏။

ဆေးရုံသို့လာရာတွင် ကျွန်တော်၏လက်ဆွဲကွန်ပျူတာကလေး ပါလာ သည်။ မထင်မှတ်သည့် ညဏ်အလင်းပွင့်မှုကလေး၏ တွန်းအားကြောင့် ကွန်ပျူတာကလေးကို ကောက်ကာငင်ကာ ရိုက်ပြီး ဟောပြောပွဲ စီစဉ်သူ များထံ အီးမေးလ်ပို့လိုက်၏။ နောက်ဆုံးတော့ ကျွန်တော် ဟောပြောမည့် ပို့ချချက်ခေါင်းစဉ်ကို ရပြီဖြစ်ကြောင်း။

mgyoe.com

mgyoe.com

SAMPLE BOOK


"ကျွန်တော့် နှောင့်နှေးမှုအတွက် တောင်းပန်ပါတယ်။ ပို့ချချက်ကို 'သင့်ငယ်ဘဝအိပ်မက်များ အမှန်တကယ် ပြည့်ဝအောင် ဖြည့်ဆည်းခြင်း' လို့ပဲ ခေါင်းစဉ်တပ်လိုက်ကြရအောင်ဗျာ" ဟု ရေးပေးလိုက်၏။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

## လက်ဆွဲကွန်ပျူတာထဲမှ ကျွန်တော့်ဘဝ

သင်၏ငယ်ဘဝအိပ်မက်များကို သင် ဘယ်လိုစာရင်းပြုစုသလဲဆိုတာ တိတိကျကျ ပြောပြနိုင်ပါသလား။ အခြားသူတွေ သူတို့၏ ငယ်ဘဝအိပ်မက်များနှင့် ပြန်လည်ဆက်သွယ်လို့ရအောင် သင်ဘယ်ပုံဘယ်နည်း ကူပံ့ပေးမည်လဲ။ သိပ္ပံပညာရှင်ဖြစ်သည့် ကျွန်တော်ကတော့ သည်မေးခွန်းများကို ဖြေဖို့ အထူးတလည် အားထုတ်မနေရပါ။

ဗာဂျီးနီးယားရှိ ကျွန်တော်တို့ အိမ်အသစ်ထဲတွင် ကွန်ပျူတာနှင့်အတူ ထိုင်ပြီး ကျွန်တော့်ဟောပြောချက်အတွက် ဆလိုက်ပုံတွေ၊ ဓာတ်ပုံတွေ ပြင်ဆင်ထားသည်။ ကျွန်တော့်အကျင့်က အမြင်အာရုံပေါ်အမှီပြုပြီး စဉ်းစားတွေးခေါ်တတ်သူ။ သည်တော့ သည်ဟောပြောပွဲတွင် ပြဋ္ဌာန်းစာအုပ်တစ်အုပ်တလေ ရှိမည်မဟုတ်။ ထို့အတူ ကြိုတင်ရေးသားချက်တွေ၊ စာသားတွေ ရှိမည်မဟုတ်ဆိုတာ ကျွန်တော် သိနေသည်။ သို့ပေမဲ့ ကျွန်တော့်မိသားစု၊ စာသင်သားများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်ပတ်သက်သည့် ပုံရိပ်တွေ စုစုပေါင်း ၃၀၀ လောက် စုစည်းထားသည်။ ၎င်းပုံရိပ်များနှင့်အတူ ငယ်ဘဝအိပ်မက်များအကြောင်း ပြောရာတွင် အထောက်အကူဖြစ်စေသော သမားရိုးကျမဟုတ်သည့် ဓာတ်ပုံများလည်း ပါသည်။ တချို့ဆလိုက်များပေါ်တွင် စကားလုံးအနည်းငယ် ထည့်သည်။ အကြံပေးချက်ကလေးတွေ၊ အဆိုအမိန့်တွေ စကားပြောစင်မြင့်ပေါ် ကျွန်တော် ရောက်သည်နှင့် အဆိုပါ

mgyoe.com

mgyoe.com
SAMPLE BOOK


စာကြောင်းတွေ၊ စာတပ်ပုံတွေက ကျွန်တော် ဘာပြောရမည်ဆိုတာ သတိဖော်ပေးလိမ့်မည်။

ဟောပြောပွဲအတွက် စီစဉ်ပြင်ဆင်ရင်း မိနစ် ၉၀ လောက် ကြာတိုင်းကုလားထိုင်မှထသည်။ ကလေးများနှင့် လက်ပွန်းတတီး ဆော့ကစားသည်။ မိသားစုဘဝထဲတွင် နစ်ဝင်အောင် ကြိုးစားအားထုတ်နေသည့် ကျွန်တော့်ကို ဂျေး တွေ့သည်။ မြင်သည်။ သို့ပေမဲ့ ဟောပြောပွဲအတွက် အချိန်ပေးလွန်းနေသေးသည်ဟု သူမက ထင်သည်။ ဘာ့ကြောင့်ဆို ကျွန်တော်တို့ သည်အိမ်အသစ်သို့ ပြောင်းရွှေ့လာခဲ့ကြတာ ခုမှရောက်စပဲရှိသည်မဟုတ်လား။ သူမက အိမ်ထောင်ရှင်မများ သဘာဝအတိုင်း ကျွန်တော်တို့ အိမ်တစ်ခွင်တစ်ပြင်လုံးတွင် စုပုံနေသည့် ဘူးတွေ၊ သေတ္တာတွေကို ရှင်းစေချင်တာပေါ့။

ကနဦးပိုင်းတွင် ဂျေးက ဟောပြောပွဲကို တက်ရောက်ဖို့ အစီအစဉ်မရှိ။ ကျွန်တော်တို့ အိမ်ပြောင်းလာပြီးနောက်ပိုင်း လုပ်ကိုင်စရာတွေ၊ ရှင်းလင်းစရာတွေ တစ်ပုံကြီး ရှိသည်။ ချာတိတ်တွေ နေသားတကျဖြစ်အောင်လုပ်ပေးဖို့တွေလည်း ရှိသည်။ ထို့ကြောင့် သူမ ဗာဂျီးနီးယားမှာ နေခဲ့သင့်သည်ဟု ယူဆသည်။ သို့ပေမဲ့ 'အဲဒီပွဲမှာ မင်း ရှိစေချင်တယ်' ဆိုသောစကားကို ကျွန်တော်က တစိုက်မတ်မတ်ပြောသည်။ ထိုပွဲတွင် သူမ ရှိနေမှဖြစ်မည်။ သူမ ရှိနေဖို့ကို ကျွန်တော် အသည်းအသန်လိုလားသည်။ ဤကားမှန်ကန်သော သစ္စာစကားပါ။ သို့ဖြင့် ဟောပြောပွဲ ကျင်းပမည့် နံနက်တွင်ပစ်ဘာ့ဂ်သို့ လေယာဉ်ဖြင့် လိုက်လာဖို့ သူမ သဘောတူလိုက်သည်။

သို့ဖြစ်သော်လည်း ကျွန်တော်က ပစ်ဘာ့ဂ်သို့ တစ်ရက်စောပြီး ရောက်ရမည်။ သည်တော့ စက်တင်ဘာလ ၁၇ ရက်၊ ဂျေး ၄၁ နှစ် ဖြစ်သွားသည့်နေ့မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ကလေးများနှင့် ဂျေးကို အနမ်းဖြင့် နှုတ်ဆက်သည်။ ပြီးတော့ လေယာဉ်ကွင်းသို့ ကားဖြင့် ထွက်ခဲ့သည်။ သူမ၏ မွေးနေ့ပွဲကို ကျွန်တော်တို့ တစ်ရက်စောပြီး ကျင်းပခဲ့ကြပြီ။ သူ့အစ်ကို၏အိမ်တွင်အကျဉ်းချုံး ကျင်းပခဲ့ကြသည်။ သို့တိုင် ကျွန်တော် ခွဲခွာသွားခြင်းသည်ဂျေး၏အရင်းခံ ကြေကွဲစိတ်ကို ပြန်လည်အစဖော်ပေးသလို ဖြစ်နေ၏။ သူမ ကျင်းပပြုလုပ်မည့် မွေးနေ့ပွဲများတွင် ယခုတစ်ကြိမ်သည် ကျွန်တော်နှင့်အတူ နွှဲခွင့်ရမည့် နောက်ဆုံးအကြိမ်ဖြစ်၏။ နောင်ကျင်းပမည့် မွေးနေ့

mgyoe.com

mgyoe.com

SAMPLE BOOK


များတွင် သူမနှင့် ရွှေလက်တွဲ နွဲ့ပျော်ဖို့ ကျွန်တော် ရှိတော့မည်မဟုတ်။ ဒါကို သတိရပြီး ဂျေးတစ်ယောက် ကျိတ်ဆွေးနေရှာသည်။

ပစ်ဘာ့ဂ်တွင် လေယာဉ်ဆိုက်တော့ ကျွန်တော့်မိတ်ဆွေ စတိဗ်ဆီးဘို့က လေယာဉ်ကွင်းတွင် လာကြိုသည်။ သူက ဆန်ဖရန်စစ္စကိုမှ လေယာဉ်ဖြင့် လာခဲ့ရသူ။ ကျွန်တော်တို့နှစ်ယောက် ခင်မင်ရင်းနှီးခဲ့သည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း တော်တော်ကြာကြာကတည်းက။ ဗီဒီယိုကစားနည်းတွေ ထုတ်လုပ်ရောင်းချသည့် အီလက်ထရွန်နစ်အတ် ကုမ္ပဏီသို့ သွားရောက်လေ့လာစဉ်က ကုမ္ပဏီအရာရှိဖြစ်သူ စတိဗ်နှင့် ကျွန်တော် သိကျွမ်းခွင့်ရခဲ့၏။ ထိုစဉ်ကစပြီး ကျွန်တော်တို့နှစ်ယောက်သည် ညီအစ်ကိုအရင်းတွေလို ရင်းနှီးကျွမ်းဝင်ခဲ့လေသည်။

ကျွန်တော်တို့နှစ်ယောက် ပွေ့ဖက်နှုတ်ဆက်ကြသည်။ အငှားယာဉ်တစ်စီးငှားပြီး နှစ်ယောက်အတူ မောင်းထွက်ခဲ့ကြသည်။ လမ်းခရီး တစ်လျှောက်လုံး သေခြင်းတရားနှင့်ပတ်သက်သည့် ဟာသစကားတွေ ပြောလာကြသည်။ သူသည် စောစောကလေးကပင် သွားဆရာဝန်ထံ ရောက်ခဲ့ကြောင်း စတိဗ်က ပြောသည်။ ကျွန်တော်က ကျွန်တော့်အနေဖြင့် သွားဆရာဝန်ထံသွားဖို့ မလိုတော့ကြောင်း ပြန်ပြောသည်။

ကျွန်တော်တို့ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ကျွန်တော်က စားပွဲပေါ်တွင် ကျွန်တော့်ကွန်ပျူတာကို တင်သည်။ ကျွန်တော် စုစည်းလာသည့် ပုံရိပ်များကို ခပ်သွက်သွက် ထင်ဟပ်ပြသည်။ ခုတော့ ပုံရိပ်အရေအတွက်ကို ၂၈၀ သို့ လျှော့ချလိုက်ပြီ။

"မောင်ရင့်ဟာကြီးက ရှည်လျားထွေပြားလွန်းသေးတယ်ကွ။ မောင်ရင့် တင်ဆက်မှု ပြီးဆုံးချိန်မှာ တက်ရောက်လာတဲ့သူတွေအားလုံး သေနေလောက်ပြီ" ဟု စတိဗ်က ဝေဖန်သည်။

ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် ကျွန်တော့်ကလေးသုံးယောက်၏ပုံပေါ်လာခိုက်မှာပင် ကျွန်တော်တို့ စားပွဲနံဘေးသို့ စားပွဲထိုးမယ်တစ်ဦး ရောက်လာသည်။ အသက် ၃၀ ကျော်၊ ညိုညစ်ညစ် ရွှေရောင်ဆံပင်များဖြင့်။ နောက်ပြီး အမျိုးသမီးက ကိုယ်ဝန်လည်း လွယ်ထားသေးသည်။ "ချစ်စရာလေးတွေနော်" ဟု သူမက ပြောသည်။ နောက်ပြီး ချာတိတ်တွေ၏အမည်

mgyoe.com

mgyoe.com
SAMPLE BOOK


ကို မေးသည်။ "သူက ဒိုင်လန်၊ လိုဂန်၊ ရှလိုး..." သူမ၏ သမီးကလေး အမည်သည်လည်း ရှလိုးဖြစ်ကြောင်း စားပွဲထိုးမယ်က ပြောသည်။ တိုက်ဆိုင်မှုကြောင့် ကျွန်တော်တို့ ပြုံးလိုက်ကြသည်။ စတိဗ်နှင့် ကျွန်တော်တို့ ကွန်ပျူတာထဲမှ ပုံများကို ဆက်ကြည့်သည်။ ကျွန်တော် အာရုံစိုက်လို့ရအောင် စတိဗ်က ကူညီသည်။

အစားအစာများ သယ်ပြီး ရောက်လာသောအခါ ဗိုက်ကြီးတကားကားနှင့် ဖြစ်နေသော စားပွဲထိုးမယ်အား ကျွန်တော်က ဝမ်းသာစကားပြောလိုက်၏။ "ညည်း အပျော်ကြီး ပျော်နေမှာပဲနော်"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး။ ဒီကိုယ်ဝန်က မတော်တဆ ရသွားတာရှင့်"

စားပွဲနားမှ ထွက်ခွာသွားတော့ သူမ၏ ပွင့်လင်းမှုကို ကျွန်တော် တအံ့တသြ ဖြစ်နေမိ၏။ အလေးအနက်မဟုတ်ဘဲ ခရီးသွားဟန်လွှဲ ပြောသွားသည့် သူမ၏မှတ်ချက်က ကျွန်တော်တို့ မတော်တဆမှုကြောင့် လူ့ဘဝထဲသို့ ရောက်လာရသည့် အကြောင်းတွေရော၊ မတော်တဆမှုကြောင့် လူ့ဘဝထဲမှ ထွက်ခွာသွားရသည့် အကြောင်းတွေကိုပါ သတိရမိစေသည်။ ဟောသည်မှာ မတော်တဆမှုကြောင့် ကိုယ်ဝန်ရှိလာသည့် မိန်းမတစ်ယောက်။ သည်ကိုယ်ဝန်မှ မွေးဖွားလာမည့် ကလေးကို သူမ ချစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲ။ ကျွန်တော့်ကျတော့ ကင်ဆာရောဂါ မတော်တဆရလာသည့်အတွက် သားနှစ်ယောက်နှင့် သမီးကလေးတစ်ယောက်ကို ကျွန်တော့်မေတ္တာ အကာအကွယ်မရှိဘဲ လောကအလယ်မှာ မျက်စိသင်ယ် နားသင်ယ်ဖြင့် ထားရစ်ခဲ့ရတော့မှာပါကလား။

နောက်တစ်နာရီအကြာတွင်တော့ ကျွန်တော်တည်းသည့် ဟိုတယ်အခန်းထဲတွင် ကျွန်တော် တစ်ယောက်တည်း။ ဟောပြောပွဲတွင် တင်ဆက်မည့်ပုံရိပ်များကို ပြန်လည်စီစဉ်သည်။ ထိုသို့သာ လုပ်နေသည်၊ ကျွန်တော့်အတွေးထဲတွင်တော့ ကျွန်တော့် သားလေးတွေနှင့် သမီးလေးသာ စိုးမိုးနေသည်။ ဟိုတယ်ခန်းထဲမှ ဆက်သွယ်လို့ရသည့် အင်တာနက်ပုံရိပ်များမှာ ဝါးနေသည်။ အစက်အပြောက်တွေ များနေသည်။ ကြာတော့ စိတ်ပျက်လာသည်။ စိတ်တိုလာသည်။ ဘာ့ကြောင့်ဆို ကျွန်တော်က နောက်ထပ်ပုံရိပ်

mgyoe.com

mgyoe.com
SAMPLE BOOK


တွေ ရှာဖွေနေသောကြောင့်။ အခြေအနေတွေ ပိုဆိုးလာစေသည်မှာ ယခင်ရက်များတုန်းက ကုသထားသည့် ဆေးဒဏ်တွေကြောင့် ကျွန်တော် ဝေဒနာတွေ ခံစားလာရသည်။ ဗိုက်အောင့်သည်၊ မူးရီမူးဝေဖြစ်သည်၊ ဝမ်းသွားသည်။

ညဥ့်သန်းခေါင်အထိ အလုပ်လုပ်သည်။ အိပ်ပျော်သွားသည်။ နံနက် ၅ နာရီတွင်မှ အထိတ်တလန့်ဖြင့် နိုးလာသည်။ ကျွန်တော့်ဟောပြောပွဲ အောင်မြင်ပါမည်လားဟု ကျွန်တော့်စိတ် တစ်စိတ်တစ်ပိုင်းက သံသယဝင်နေသည်။ "အင်းလေ၊ မင်းဘဝတစ်ခုလုံးအကြောင်းကို တစ်နာရီတည်းနဲ့ ပြီးအောင်ပြောတဲ့နောက်မှတော့ ဒါမျိုးပဲဖြစ်တော့မှာပေါ့" ဟု ကျွန်တော် ကိုယ့်ဘာသာကိုယ် တွေးမိသည်။

ကျွန်တော် ကွန်ပျူတာဖြင့် လက်ဆော့သည်။ ပြန်ပြီး စဥ်းစားသည်။ ပြန်လည်စီစဥ်သည်။ နံနက် ၁၁ နာရီထိုးတော့ ကျွန်တော့်တင်ပြပုံကလေး ပိုကောင်းလာပြီ ထင်မိသည်။ သည်တစ်ချီတော့ အလုပ်ဖြစ်မှာပါ။ သို့ဖြင့် ရေချိုးသည်။ အဝတ်အစားလဲသည်။ မွန်းတည့်ချိန်တွင် ဂျေး လေယာဥ်ကွင်းမှ ရောက်လာသည်။ စတိဗ်၊ ကျွန်တော်တို့နှင့်အတူ နေ့လယ်စာ စားသည်။ ကျွန်တော်တို့ တည်တည်ကြည်ကြည် လေးလေးနက်နက် စကားပြောဖြစ်ကြသည်။ ဂျေးနှင့် ချာတိတ်တွေကို ကူညီစောင့်ရှောက်ပါမည်ဟု စတိဗ်က အစိဋ္ဌာန်ပြုသည်။

မွန်းလွဲ ၁ နာရီ ၃၀ မိနစ်ရောက်တော့ ကျွန်တော့်ဘဝ၏ အချိန်တော်တော်များများ ကုန်လွန်စေခဲ့သော နေရာဖြစ်သည့် ကွန်ပျူတာအခန်းကို ကျွန်တော့်ကို ဂုဏ်ပြုပြီး ဖွင့်လှစ်လိုက်သည်။ ကွန်ပျူတာ အခန်းတံခါးပေါက်အပေါ်တွင် ရေးထိုးထားသည့် ကျွန်တော့်အမည်ကို ကန့်လန့်ကာဆွဲပြီး ဖွင့်လိုက်ကြသည်ကို ကျွန်တော် ကြည့်နေမိသည်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျွန်တော့် ရုံးခန်းထဲ ကျွန်တော် ရောက်နေပြီ။ ဝေဒနာတွေ ခံစားနေရပြန်ပြီ။ လုံးဝဥဿုံ ခြေကုန်လက်ပန်းကျနေသည်။ သောက်ဆေးတွေကြောင့် မအီမလည်ကြီးဖြစ်နေသည်။ နောက်ပြီး လိုလိုမည်မည်ဆိုပြီး ယူလာခဲ့သည့် လူကြီးဝတ် ခါးတောင်းကျိုက်ကို ဝတ်ပြီးမှား စင်ပေါ်တက်ရလေမလားဟု မယုံမရဲ တွေးနေမိ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော့် ရုံးခန်းထဲမှ ဆိုဖာပေါ်တွင် ခဏတစ်ဖြုတ် လဲလျောင်းနေသင့်သည်ဟု စတိဗ်က အကြံပေးသည်။ သူပြောသည့်အတိုင်း ကျွန်တော် လဲလျောင်းနေလိုက်၏။ သို့သော် ကွန်ပျူတာကလေးကို ဗိုက်ပေါ်တင်ထားသည်။ သို့မှ ကျွန်တော် ကွန်ပျူတာကို ကလိနိုင်မည်မဟုတ်လား။ သို့ဖြင့် နောက်ထပ် ဆလိုက်ပုံပေါင်း ၆၀ တိတိ ထပ်ပြီး ဖြုတ်လိုက်ပြန်သည်။

မွန်းလွဲ ၃ နာရီ ၃၀ မိနစ်တွင် လူတွေ နည်းနည်းပါးပါး ရောက်လာသည်။ ကျွန်တော့်ဟောပြောပွဲကို နားထောင်ဖို့ စတင် တန်းစီကြသည်။ ကျွန်တော် ဆိုဖာပေါ်မှ ကျိုးထသည်။ ကိုယ့်ပစ္စည်းကလေးတွေ စတင်သိမ်းဆည်းသည်။ ကျောင်းပရဝဏ်ကို ဖြတ်လျှောက်ပြီး ဟောပြောပွဲခန်းမသို့ သွားရမည်လေ။ တစ်နာရီ မပြည့်မီအတွင်း ကျွန်တော် စင်မြင့်ပေါ် ရောက်နေရတော့မည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

## အခန်းထဲမှ ဆင်

ခန်းမထဲတွင် ဂျေးက ရောက်နှင့်နေပြီ။ လူ ၄၀၀ ဆံ့သည့် ခန်းမကြီးတစ်ခုလုံး မထင်မှတ်ဘဲ ပြည့်လျှံသွားသည်။ စကားပြောစင်ကလေးကို စစ်ဆေးဖို့ ကျွန်တော် စင်မြင့်ပေါ်တက်ခဲ့သည်။ ကျွန်တော် ဘယ်လောက် စိတ်လှုပ်ရှားနေသည်ကို ဂျေး မြင်တွေ့နိုင်ပါသည်။ ကျွန်တော့်အသုံးအဆောင်ပစ္စည်းများကို နေရာတကျချပြီး အလုပ်များနေလိုက်သည်။ ကျွန်တော် ဘယ်သူနှင့်မျှ အကြည့်ချင်းမဆိုင်သည်ကို ဂျေး သတိပြုမိသည်။ ပရိသတ်ထုထဲသို့ ကြည့်မိလျှင် မိတ်ဆွေတစ်ဦးဦး (သို့မဟုတ်) တပည့်ဟောင်းတစ်ဦးကို တွေ့မိ၊ မြင်မိလိမ့်မည်။ ထိုသို့ အကြည့်ချင်းဆိုင်မိလျှင် ကျွန်တော် အံ့သြဝမ်းသာ စိတ်တွေလှုပ်ရှားဦးမည်။ ထို့ကြောင့် ကျွန်တော် ပရိသတ်ထဲသို့ မကြည့်ဝံ့ခြင်းဖြစ်မည်ဟု ဂျေး တွေးနေသည်။

အဆင်သင့်ဖြစ်အောင် ကျွန်တော့်ကိုယ်ကျွန်တော် ပြင်ဆင်နေခိုက် ပရိသတ်ထဲမှ လှုပ်လှုပ်ရွရွအသံတွေ ကြားရသည်။ ပန်ကရိယကင်ဆာရောဂါခံစားရပြီး သေကောင်ပေါင်းလဲ ဖြစ်နေသူတစ်ဦး ဘယ်ပုံပေါက်နေမည်လဲဟု လာကြည့်သူများအတွက်တော့ မေးခွန်းတွေရှိနေမှာ သေချာသည်။ ကျွန်တော့်ဦးခေါင်းပေါ်မှ ဆံပင်များသည် ကျွန်တော့်ဆံပင်အစစ်ဟုတ်ရဲ့လား။ (ဟုတ်ကဲ့၊ ဓာတုကုထုံးဖြင့် ကုသနေခြင်းကို တောင့်ခံပြီး ကျွန်တော့်ဆံပင်တွေက ကျွတ်မထွက်ပါချေ) ကျွန်တော် စကားပြောနေ

mgyoe.com

mgyoe.com
SAMPLE BOOK


သည်ကိုကြည့်ပြီး ကျွန်တော် ဘယ်လောက် သေလုမြောပါးဖြစ်နေပြီလဲ ဆိုတာ သူတို့ အကဲခတ်လို့ ရပါမည်လား။ (ကျွန်တော်ကတော့ "စောင့်သာ ကြည့်ကြဗျာ" ဟု ဖြေပါမည်)

ဟောပြောပွဲစဖို့ မိနစ်ပိုင်းပဲ လိုတော့သည့်တိုင် ကျွန်တော်က စကား ပြောစင်ကလေးကို လေးလေးမှန်မှန် ပြင်ဆင်နေဆဲ။ ဆလိုက်တချို့ကို ဖျက် ပစ်သည်။ တခြားဆလိုက်များကို ပြန်လည်စီစဉ်သည်။ "ကျွန်တော်တို့ စဖို့ အဆင်သင့် ဖြစ်ပါပြီ" ဟု တစ်စုံတစ်ဦးက အချက်ပေးချိန်ထိ ကျွန်တော်က စကားပြောစင်ကလေးကို ကလိနေဆဲ။

*

ကျွန်တော် ပွဲတက်ဝတ်စုံ ဝတ်မထား။ လည်စည်း မစည်း။ ပညာရှင် တွေ ဝတ်လေ့ရှိသလို တံတောင်ဆစ်နေရာတွင် သားရေစဖြင့် ပိုးထားသည့် သက္ကလတ်ကြမ်း ဂျာကင်မျိုးလည်း မဝတ်။ ထိုသို့ ဝတ်မည့်အစား ကျွန်တော့် အဝတ်ဗီရိုထဲတွင် တွေ့ရသည့် ငယ်ဘဝအိပ်မက်များနှင့် သင့်လျော်လိုက် ဖက်မည့် လူငယ်ကြိုက်ဝတ်စုံကို ဝတ်ဆင်လာသည်။

အမှတ်တမဲ့ ကြည့်လိုက်လျှင် ကျွန်တော့်ပုံစံက အဆာပြေ စားသောက် ဆိုင်ရှေ့တွင် ကားထိုးရပ်လိုက်သည်နှင့် မှာကြားမည့်အစားအစာအမှာကို စောင့်ယူသည့် အလုပ်သမားတစ်ဦးနှင့် တူနေ၏။ သို့ပေမဲ့ ကျွန်တော် ဝတ် ဆင်ထားသည့် ပိုလိုစပို့ရှပ်လက်တိုပေါ်တွင် အမှတ်တံဆိပ်တစ်ခု ရှိနေ၏။ ၎င်းအမှတ်တံဆိပ်ကား ဆရာကြီး ဝေါ့ဒစ္စနေ အမှတ်တရ ဖွဲ့စည်းထား သည့် ဝေါ့ဒစ္စနေ တီထွင်သူများ အဖွဲ့အမှတ်တံဆိပ်။ သူတို့အဖွဲ့သည် အပန်းဖြေဥယျာဉ်တစ်ခုတွင် ပြည်သူများ အပန်းဖြေဖို့ ထူးဆန်းထွေလာ များ၊ စိတ်ကွန့်မြူးချက်များကို လက်တွေ့အကောင်အထည်ဖော်သည့် ပန်းချီ ဆရာများ၊ စာရေးဆရာများနှင့် အင်ဂျင်နီယာများ စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့။ ၁၉၉၅ ခုနှစ်တုန်းက ထိုအဖွဲ့သို့ ခြောက်လတိတိ သွားရောက်လေ့ လာခဲ့သည်။ သူတို့အဖွဲ့ဝင် 'တီထွင်ဖန်တီးသူ' တစ်ဦးအဖြစ် ခံယူခဲ့သည်။ ဤလုပ်ရပ်သည် ကျွန်တော့်ဘဝ၏ အမှတ်ထင်ထင် လုပ်ရပ်တစ်ခု။ ငယ်ဘဝအိပ်မက်တစ်ခုကို ရုပ်လုံးဖော်လိုက်ခြင်း။ ထို့ကြောင့် ဒစ္စနေအဖွဲ့ တွင် ကျွန်တော် အလုပ်လုပ်စဉ်က ပေးထားသည့် 'ရန်ဒီ' ဆိုသည့် ဘဲဥပုံ

mgyoe.com

mgyoe.com

SAMPLE BOOK


အမည်တံဆိပ်ကလေးကို ချိတ်ထားခြင်းလည်း ဖြစ်၏။ မှတ်မှတ်ရရဖြစ်သည့် ၎င်းဘဝအတွေ့အကြုံကို မှတ်တမ်းတင်ဂုဏ်ပြုနေခြင်းဖြစ်၏။ ထို့အတူ "သင် စိတ်ကူးယဉ်လို့ ရသည်ဆိုလျှင် ထိုအရာကို သင်လုပ်ဆောင်လို့ရ၏" ဟူသော အဆိုအမိန့်ကို မိန့်ဆိုသွားသည့် ဆရာကြီးဝေါ့ဒစ္စနေအား မှတ်တမ်းတင် ဂုဏ်ပြုနေခြင်းလည်းဖြစ်၏။

ယခုလို လာရောက်နားထောင်သည့်အတွက် ကျေးဇူးတင်ကြောင်း ပရိသတ်ကို ဦးစွာပြောသည်။ ဟာသစကားကလေး အနည်းငယ်ပြောသည်။ ပြီးမှ ဆက်ပြောသည်။

"တကယ်လို့များ လမ်းကြုံဝင်နားထောင်သူ တစ်ဦးတလေရှိမယ်။ သူက လည်း ဒီဟောပြောပွဲရဲ့ နောက်ကြောင်းရာဇဝင်ကို မသိဘူးဆိုရင် ကျွန်တော့် ဖေဖေပြောနေကျ အခန်းထဲမှာ ဆင်တစ်ကောင်ရောက်နေလည်း သူနဲ့ မိတ်ဆက်ပါဆိုတဲ့ စကားအတိုင်း ကျွန်တော် ကျင့်ကြံပါမယ်။ ခင်ဗျားတို့ ကျွန်တော့်ရဲ့ ကွန်ပျူတာပုံရိပ်တွေကို ကြည့်ရင် ကျွန်တော့်အသည်းမှာ ထွက်နေတဲ့ အသားပို ၁၀ ခုလောက်ကို တွေ့ရမှာပါ။ အဲဒီအတွက် ဆရာဝန်တွေက ဘာပြောထားသလဲဆိုတော့ ကျွန်တော် ထူထူထောင်ထောင် နေနိုင်မယ့် အချိန်ဟာ သုံးလကနေ ခြောက်လအထိပဲ ရှိတော့မယ်တဲ့။ အဲဒါ လွန်ခဲ့တဲ့ တစ်လလောက်က ပြောတာနော်။ အပေါင်းအနုတ်၊ အတွက်အချက်ကတော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ပဲ လုပ်ကြပါတော့"

ကျွန်တော့်အသည်းကို ဓာတ်မှန်ရိုက်ထားသည့် ပုံရိပ်ကြီးကို ကွန်ပျူတာ မှတစ်ဆင့် ကားချပ်ပေါ်သို့ ထိုးပြလိုက်၏။ အဆိုပါ ဆလိုက်ပုံရိပ်ကို "အခန်း ထဲကဆင်" ဟု ခေါင်းစီးစာတန်းထိုးထားသည်။ နောက်ပြီး ပုံရိပ်ကြည့် သူများအား ကူညီသောအားဖြင့် အသားပိုအတက်တစ်ခုချင်းကို ကျွန်တော် က မြားပြပေးထားသည်။

ဆလိုက်ကို ကြာကြာကလေး ပြထားသည်။ သို့မှ မြားပြသည့်နေရာ များရှိ အသားပိုအတက် ဘယ်နှခုရှိသည်ကို ပရိသတ် ရေတွက်ကြည့်လို့ ရမည်။

"ကောင်းပါပြီ။ ဖြစ်ရပ်ကတော့ အဲဒါပါပဲ။ ဒီဖြစ်ရပ်ကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပစ်လို့ မရနိုင်ဘူး။ ဘယ်လိုတုံ့ပြန်ဆောင်ရွက်မလဲဆိုတာ

mgyoe.com

mgyoe.com
SAMPLE BOOK


ဆုံးဖြတ်ရုံပဲ ရှိတယ်။ ကျွန်တော်တို့ဖဲဝိုင်းမှာ ဝေပြီးတဲ့ဖဲတွေကို လဲချင်လို့ မရဘူးလေ။ ကိုယ့်လက်ထဲ ရောက်လာတဲ့ဖဲနဲ့ ဘယ်လိုကစားမလဲဆိုတာသာ စဉ်းစားဆုံးဖြတ်ကြရတာ မဟုတ်လား"

ထိုအခိုက်အတန့်တွင် သေချာပေါက် ပြောနိုင်သည်မှာ ကျွန်တော် အင်ပြည့်အားပြည့် ဖြစ်နေသည်။ နောက်ပြီး စိတ်တွေ စုစုစည်းစည်း ငြိမ်ငြိမ်သက်သက် ရှိနေသည်။ ဟိုတုန်းက ရန်ဒီပုံ ပြန်ပေါ်နေသည်။ ခန်းမကြီးတစ်ခုလုံး ပြည့်နေသည့်ပရိသတ်ကြောင့် ရင်ဖိုလှိုက်မောအားတက်နေသည်။ ရင်ဖိုလှိုက်မောမှုကြောင့် ထွက်လာသည့် အဒရီနလင်းအရည်များကြောင့် လူက ပိုပြီးသွက်လက်နေသည်။ ခွန်အားပြည့်နေသည်။ ကျွန်တော့်ပုံစံက တော်တော်ကြီး သွက်လက်ဖျတ်လတ်နေသည်ဆိုတာ ကျွန်တော်သိသည်။ ထို့ကြောင့် ကျွန်တော် သေရွာတံခါးဝတွင် ခြေချနေသူတစ်ဦးဖြစ်ကြောင်းကို တချို့တလေက ယုံချင်မှယုံမည်ဆိုတာလည်း ကျွန်တော် သိနေသည်။

"ကျွန်တော့်ကို ကြည့်ရတာ သေခါနီး လူတစ်ယောက်လို စိတ်ဓာတ်ကျပြီး သုန်သုန်မှုန်မှုန်ဖြစ်မနေဘူးဆိုရင် ခင်ဗျားတို့ ထင်ထားသလို မနေမိတဲ့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ"

လူတွေ ရယ်မောကြသည်။ ထိုအခါ ကျွန်တော် ထပ်ပြောသည်။

"ကျွန်တော် အမှန်တရားကို ငြင်းပယ်နေတာ မဟုတ်ဘူးနော်။ ခု ကျွန်တော့်မှာ ဘာတွေဖြစ်ပြီး ဘာတွေပျက်နေတယ်ဆိုတာကို ကျွန်တော် သတိမချပ်မိတဲ့သဘော မဟုတ်ပါဘူး"

"ကျွန်တော့် သားသမီးသုံးယောက်နဲ့ ကျွန်တော့်ဇနီးဆိုတဲ့ ကျွန်တော့်မိသားစုဆိုရင် ရတ်တရက် အိမ်ပြောင်းပြီးစကလေး ရှိသေးတယ်။ ကျွန်တော်တို့ ဗာဂျီးနီးယားမှာ နေချင်စဖွယ် အိမ်ကလေးတစ်လုံး ဝယ်လိုက်ကြတယ်။ ဘာဖြစ်လို့ အဲဒီလို လုပ်လိုက်သလဲဆိုတော့ ကျွန်တော့်မိသားစုအတွက် ပိုပြီးသင့်မြတ်တဲ့နေရာမို့လို့ပါ"

ကျွန်တော်တို့ ဝယ်ပြီးစ ဆင်ခြေဖုံးရပ်ကွက်မှ အိမ်ကလေး၏ပုံရိပ်ကို ကျွန်တော် ဆလိုက်ထိုးပြလိုက်သည်။ ဓာတ်ပုံအပေါ်ဘက်တွင်မူ "ကျွန်တော် အမှန်တရားကို ငြင်းပယ်ခြင်းမပြု" ဆိုသော စာတန်းထိုးထားသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ဂျေးနှင့် ကျွန်တော်သည် ကျွန်တော်တို့ မိသားစုကလေးကို အခြေဖျက်လိုက်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ သူမအနေဖြင့် သူမ တွယ်တာသော အိမ်ကလေးနှင့် သူမအပေါ် ဂရုတစိုက်ရှိသော အပေါင်းအသင်းများအားလုံးကို စွန့်ခွာခဲ့ဖို့ သူမကို ပြောထားသည်။ သားသမီးသုံးဦးကို ပစ်ဘာ့ဂ်မှာရှိသည့် သူတို့၏ ကစားဖော်များနှင့် ဝေးရာသို့ ခေါ်သွားကြမည်။ ကျွန်တော်တို့၏ ဘဝများကို ကျွန်တော်တို့ သိမ်းဆည်းထုပ်ပိုးလိုက်ကြပြီ။ လုံခြုံစိတ်ချရသော ပစ်ဘာ့ဂ်အဝန်းအဝိုင်းတွင် ဆက်လက်နေထိုင်ပြီး ကျွန်တော့်သေနေ့ကို စောင့်မည်ဆိုလျှင် ထိုင်စောင့်နေလို့ရ၏။ သို့ဖြစ်သည့်တိုင် ကျွန်တော်တို့သည် ကျွန်တော်တို့ ကိုယ်တိုင် ဖန်တီးလိုက်သည့် ဘဝလေဆင်နှာမောင်းထဲ တိုးဝင်ခဲ့ကြပြီ။ ဘာ့ကြောင့် ထိုသို့လုပ်သလဲဆိုသော် လူ့လောကတွင် ကျွန်တော်မရှိတော့ဘူးဆိုသည်နှင့် သူတို့သည် ကျွန်တော့်ဇနီး၏ ဆွေစုမျိုးစုနှင့် နီးသည့် အရပ်ဒေသတွင် နေထိုင်သင့်သည်ဟု ယူဆသောကြောင့်။ သို့မှ သူတို့ကိုချစ်သော ဆွေစုမျိုးစုက သူတို့အား ကူညီနိုင်မည်၊ စောင့်ရှောက်နိုင်မည်မဟုတ်လား။

ကျွန်တော်သည် ပုံမှန်အနေအထားရှိနေကြောင်း၊ စိတ်ပျက်အားငယ်ဖြစ်မနေကြောင်းလည်း ပရိသတ် သိစေချင်သေးသည်။ ဘာ့ကြောင့်ဆို ကျွန်တော့် ဆရာဝန်တွေ ကျွန်တော့်အား ကုသထားသည့် ဓာတုကုထုံးများ၊ ဓာတ်ကင်ကုထုံးများကြောင့် အားအင်ကုန်ခန်းနေတာတွေ စတင်လျော့ပါးလာပြီဖြစ်သောကြောင့်ပါ။

"ခုလောလောဆယ် အချိန်မှာတော့ ကျွန်တော့် ကျန်းမာရေးက လက်ဖျားခါရလောက်အောင် ဒေါင်ဒေါင်မြည်နေတယ်ဗျ။ ဆိုလိုတာက ခင်ဗျားတို့ မြင်ဖူးတွေ့ဖူးသမျှထဲမှာ မယုံနိုင်စရာတစ်ခုကို မြင်ရတွေ့ရပါလိမ့်မယ်။ တကယ်တမ်းပြောရမယ်ဆိုရင် ခင်ဗျားတို့ အများစုထက်တောင် ကျွန်တော်က ကျန်းမာရေး ကောင်းနေသေးသဗျ"

ကျွန်တော် စင်မြင့်အလယ်ဘက်ဆီသို့ ဘေးတိုက်ရွှေ့သွားသည်။ လွန်ခဲ့သည့် နာရီအနည်းငယ်တုန်းကဆိုလျှင် ကျွန်တော် ယခုလုပ်ပြမည့် သရုပ်ပြမှုမျိုး လုပ်ပြဖို့ ခွန်အားရှိမည်ဟု မယုံ။ သို့ပေမဲ့ ခုတော့ ကျွန်တော် စွမ်းအားတွေ ပြည့်နေသည်။ ကျွန်တော် ကြမ်းပြင်ပေါ် ထိုင်ချသည်။ ပြီးတော့

mgyoe.com

mgyoe.com
SAMPLE BOOK


လက်ထောက်မှောက် လေ့ကျင့်ခန်းကို စတင်လုပ်ပြတော့၏။

ပရိသတ်၏ သောင်းသောင်းဖြဖြ ရယ်မောသံနှင့် တအုံ့တည လက်ခုပ်တီးသံများကြားတွင် ကျွန်တော် ကြားနေရသည်ထင်သည့် အသံတစ်သံမှာ ကျွန်တော်၏ လက်ထောက်မှောက် လေ့ကျင့်ခန်းနှင့်အတူ လူတိုင်း စုပေါင်းညီညာ သက်ပြင်းရှူထုတ်နေသံများ။ သူတို့ရှေ့တွင် သရုပ်ပြနေသူသည် သေရွာသို့ ခြေလှမ်းနေသည့် ရောဂါသည်တစ်ဦး မည်ကာမတ္တမဟုတ်။ ထိုသူကား ကျွန်တော်။ ကဲ၊ ခုတော့ ဇာတ်လမ်းစလို့ ရပါပြီ။

●

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# [ ၂ ]

# သင်၏ ကလေးဘဝအိပ်မက်များ တကယ်ဖြစ်မြောက်လာခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

## မိဘထိ

ကျွန်တော်က မိဘထိ ပေါက်သူ။

ကျွန်တော်က မွေးကတည်းက ပေါက်သည့် ထိလက်မှတ် လက်ထဲကိုင်လာသူ။ ထိုသို့ ပြောရခြင်း၏ အဓိကအကြောင်းရင်းမှာ ကျွန်တော်၏ ကလေးဘဝအိပ်မက်များကို လက်တွေ့အကောင်အထည် ဖော်နိုင်ခဲ့သော ကြောင့်ပါ။

ကျွန်တော့်မေမေက အင်္ဂလိပ်စာပြ ဆရာမကြီး။ ခေါင်းမာသည်။ စိတ်ဓာတ်ကြံ့ခိုင်သည်။ သူမ၏ တပည့်များကို ကောင်းကောင်းမောင်းသည်။ ဆရာမကြီးက ကလေးတွေထံမှ မျှော်လင့်လွန်းအားကြီးတယ် ဟူသော ကျောင်းသားမိဘများ၏ အပြစ်တင် ညည်းညူသံများကို ကြံ့ကြံ့ခံသည်။ သူမ၏သားဖြစ်သော ကျွန်တော်ကတော့ မျှော်လင့်ချက်မြင့်မားလှသည့် သူမအကြောင်း တစ်ခု၊ နှစ်ခုတော့ သိသည်။ အဆိုပါ အသိကလေး တစ်ခု၊ နှစ်ခုကပင် ကျွန်တော့်အတွက် ကံကောင်း အကြောင်းလှခြင်း ဖြစ်နေတော့၏ ။

ကျွန်တော့်ဖေဖေကတော့ ဒုတိယကမ္ဘာစစ် ဆေးတပ်သားတစ်ဦး။ သူက ဘာ့လ်ဂျ် (Bulge) တိုက်ပွဲတွင် တာဝန်ထမ်းခဲ့သူ။ ဖေဖေက တိုင်းတစ်ပါးသားများ၏ ကလေးတွေကို အင်္ဂလိပ်စာသင်ပေးဖို့ စေတနာ့ဝန်ထမ်း အဖွဲ့တစ်ဖွဲ့ ဦးစီးဖွဲ့ခဲ့သည်။ သူ့ဝမ်းရေးအတွက်မူ သူက မော်တော်ကား အာမခံ

mgyoe.com

m g y o e . c o m


လုပ်ငန်းကလေးတစ်ခု ဘောလ်တီမိုးတွင် တည်ထောင်ထားသည်။ သူ့ထံ အလုပ်အပ်သူ အများစုကတော့ ဆင်းရဲသားတွေ။ အကြွေးတွေ ပတ်ချာလည်ဝိုင်းနေသူတွေ (သို့မဟုတ်) ဝင်ငွေနည်းသူတွေ။ ဒါကို သည်လူတွေ လမ်းမပေါ်တွင် အာမခံချက်ရှိအောင် ကြံဖန်နည်းလမ်းရှာပြီး အာမခံထားစေခဲ့သူမှာ ကျွန်တော့်ဖေဖေ။ သန်းပေါင်းများစွာသော အကြောင်းရင်းများကြောင့် ဖေဖေသည် ကျွန်တော့်အတွက် သူရဲကောင်း ဖြစ်နေပါသည်။

ကျွန်တော်က မေရီလင်းပြည်နယ်၊ ကိုလံဘီယာမြို့ရှိ လူလတ်တန်းစား အသိုင်းအဝိုင်းတွင် မပူမပင် မကြောင့်မကြ သက်သောင့်သက်သာ လူလားမြောက်ခဲ့ရသူ။ ကျွန်တော်တို့အိမ်တွင် ပိုက်ဆံဆိုတာ ပြဿနာမဟုတ်။ ဘယ်တော့မျှ ပိုက်ဆံပြဿနာမပေါ်စဖူး။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်မိဘနှစ်ပါးတွင် ကြီးကြီးကျယ်ကျယ် များများစားစား သုံးစွဲစရာအကြောင်းမရှိသောကြောင့်ပင်။ သူတို့က ရိုးရိုးကုပ်ကုပ် နေထိုင်တတ်သူတွေ။ အလွန်အကျွံဆိုတာ သူတို့မှာမရှိ။ ကျွန်တော်တို့ ပြင်ပထွက်ပြီး ညစာစားခဲပါသည်။ ရုပ်ရှင်ဆိုလျှင် တစ်နှစ်တစ်ကြိမ်၊ နှစ်ကြိမ်လောက် ကြည့်ဖြစ်ကောင်း ကြည့်ဖြစ်မည်။

"တီဗွီကြည့်။ အဲဒါက အလကားကြည့်ရတယ်။ ဒါမှမဟုတ် ဒီထက်ကောင်းတာက စာကြည့်တိုက်ကိုသွား။ စာအုပ်တစ်အုပ်ငှားလာ" ဟု သူတို့က ပြောလေ့ရှိသည်။

ကျွန်တော့်အသက် နှစ်နှစ်နှင့် ကျွန်တော့်အစ်မအသက် လေးနှစ်အရွယ်တွင် မေမေက ကျွန်တော်တို့နှစ်ယောက်အား ဆပ်ကပ်ပွဲသို့ ခေါ်သွားသည်။ ကျွန်တော် ကိုးနှစ်သားရောက်တော့ ကျွန်တော်က ဆပ်ကပ်ပွဲကို သွားကြည့်ချင်ကြောင်း ပူဆာပြန်သည်။ သည်တော့ "မင်းသွားကြည့်ဖို့ မလိုတော့ဘူးလေ၊ မင်း ဆပ်ကပ်ပွဲ ကြည့်ဖူးနေပြီပဲ" ဟု မေမေက ပြောခဲ့လေသည်။

ခုခေတ်အနေအထားဖြင့် ကြည့်လျှင်တော့ သားသမီးများကို နှိပ်ကွပ်လွန်းသယောင်ရှိ၏။ သို့ပေမဲ့ တကယ်တမ်းကျတော့ အလွန်တရာ ဂုဏ်ယူဖွယ်ကောင်းသည့် ကလေးဘဝပါ။ အကြောင်းကိစ္စ တော်တော်များများတွင် တော်တည့်မှန်ကန်စွာ နေတတ်၊ ထိုင်တတ်၊ ဆိုဆုံးမတတ်သည့် မိဘနှစ်ပါးကြောင့် ကျွန်တော် သည်နေ့ သည်အခြေမျိုးသို့ ရောက်လာခြင်းဖြစ်

mgyoe.com

mgyoe.com

SAMPLE BOOK


သည်ဟု ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိ၏။

ကျွန်တော်တို့ များများစားစား ဘာမျှမဝယ်ကြ။ သို့ပေမဲ့ ကျွန်တော်တို့ အရာရာတိုင်းအတွက် စဉ်းစားသည်။ ထိုသို့ဖြစ်ရသည်မှာ ဖေဖေက စူးစမ်းတတ်သူ။ စပ်စုတတ်သူ။ သူ့အမူအကျင့်များက ကျွန်တော်တို့ကို ကူးစက်သည်။ သူက လတ်တလောဖြစ်ရပ်များ၊ သမိုင်းကြောင်း၊ ကျွန်တော်တို့ ဘဝများနှင့်ပတ်သက်လာလျှင် စပ်စုစူးစမ်းတတ်သူ။ တကယ်တော့ ကျွန်တော်တို့ ရှင်သန်ကြီးပြင်းလာရမည့် မိသားစုဟူ၍ နှစ်မျိုးနှစ်စားရှိသည် ထင်ပါသည်။

၁။ ညစာ စားနေစဉ် တစ်လျှောက်လုံး ဝေါဟာရအဘိဓာန် တစ်အုပ် ဆောင်ထားရမည့် မိသားစု။

၂။ အဘိဓာန်ဆောင်ဖို့ မလိုသော မိသားစု။

ကျွန်တော်တို့က အမှတ် ၁ အမျိုးအစားထဲ ပါဝင်သည်။ နောက်ဆုံးကျတော့ ထမင်းစားပွဲနှင့် ခြေလှမ်းခြောက်လှမ်းအကွာရှိ စာအုပ်စင်ပေါ်မှ ဝေါဟာရ အဘိဓာန်ကို ယူကြည့်ရသည်ချည်း။ "မင်းတို့မှာ မေးရမယ့် မေးခွန်းရှိတယ်ဆိုရင် အဖြေကိုလည်း ရှာယူပေါ့" ဟု ဖေဖေတို့၊ မေမေတို့က ပြောလေ့ရှိသည်။

ကျွန်တော်တို့ အိမ်သူအိမ်သားအားလုံး၏ အလိုလိုသိစိတ်ထဲတွင် သိမြင်သဘောပေါက်နေသည်မှာ အိမ်ထဲတွင် ဘုတ်ထိုင်းကြီးတွေလို ငေါင်စင်းစင်းထိုင်ပြီး ဘာတွေဖြစ်လာမလဲဟု ထိုင်မျှော်မနေနှင့် ဟူ၍ဖြစ်၏။ ထိုသို့ငေါင်နေခြင်းထက် ပိုမိုကောင်းမွန်သည့် နည်းတစ်နည်းကို ကျွန်တော်တို့ သိထားသည်။ ၎င်းနည်းကား စွယ်စုံကျမ်းတစ်စောင်ကိုဖွင့်၊ ဝေါဟာရ အဘိဓာန်တစ်အုပ်ကို ဖွင့်၊ သင့်စိတ်တံခါးကို ဖွင့်ထားဖို့ပဲ ဖြစ်၏။

ကျွန်တော့်ဖေဖေက ပုံပြောအလွန်ကောင်းသူလည်း ဖြစ်၏။ ပုံပြင် ဇာတ်လမ်းများကို အကြောင်းရင်းတစ်ခုကြောင့် အမြဲတစေ ပြောပြနေသင့်သည်ဟုလည်း သူက ပြောသေးသည်။ သူက ကိုယ်ကျင့်တရားပြုပြင်ရေး ပုံပြင်များ အဖြစ် အသွင်ပြောင်းသွားသည့် ဟာသဇာတ်လမ်းတိုကလေးများကို ကြိုက်နှစ်သက်သည်။ ထိုပုံပြင်အမျိုးအစားများ ပြောရမည်ဆိုလျှင် ဖေဖေက ဆရာကြီးတစ်ဆူ။ ကျွန်တော်က သူသုံးစွဲသည့် နည်းစနစ်များကို နာယူခံစားထား

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ ထို့ကြောင့် ကျွန်တော်၏ နောက်ဆုံးပို့ချချက်ကို ရုပ်မြင်သံကြား မှန်သားပြင်ပေါ်မှ ကြည့်သောအခါ ကျွန်တော့်အစ်မ တမ်မီသည် ကျွန်တော့် ပါးစပ် လှုပ်နေသည်ကို တွေ့ရသည်။ အသံတစ်သံကိုလည်း ကြားရသည်။ သို့သော် ကျွန်တော့်အသံမဟုတ်ဘဲ ဖေဖေ့အသံ ဖြစ်နေသည်ဆို၏။ ကျွန်တော်သည် ဖေဖေ့ဉာဏ်ပညာများထဲမှ လက်ရွေးစင်တွေ ရွေးထုတ်ပြီး ပြန်လည်တင်ဆက်နေခြင်းဖြစ်ကြောင်း သူမ သိသည်ဟု မမက ပြောသည်။ သူမ၏ ပြောဆိုချက်ကို ကျွန်တော် တစ်ချက်ကလေးမျှ ငြင်းပယ်လိမ့်မည် မဟုတ်။ တကယ်တမ်း ပြောရလျှင် စကားပြော စင်မြင့်ပေါ်မှနေပြီး ဖေဖေ့ အသံကို ပြန်လည်ထုတ်လွှင့်နေသည်သို့ ကျွန်တော် ထင်မှတ်ခံစားရပါ သည်။

ကျွန်တော်က နေ့စဉ်နေ့တိုင်းလိုလို ဖေဖေ့စကားများကို ကောက်နုတ်သုံး စွဲသည်။ ထိုသို့ ကျင့်ကြံခြင်း၏ အကြောင်းရင်းတစ်ခုမှာ ထိုသို့သော အဆို အမိန့်များကို သင့်အသိပညာဖြင့် ပြောသည်ဆိုလျှင် လူတွေက အလေး မထား။ ခေါင်းထဲမှ အလွယ်တကူ ဖယ်ထုတ်ပစ်တတ်ကြသည်။ ထိုသို့ မဟုတ်ဘဲ သင်ပြောမည့်စကားသည် လေးစားထိုက်သူ တစ်ဦးတစ်ယောက် ၏စကားဖြစ်သည်ဆိုလျှင် ကောက်နုတ် ပြောဆိုသူသည် ဆရာကြီးလုပ် လွန်းရာမကျဘဲ နားဆင်သူ ပိုမိုလက်သင့်ခံနိုင်သည့်စကား ဖြစ်သွားသော ကြောင့်ပင်။ ဟုတ်ကဲ့၊ ကျွန်တော့်ဖေဖေလို လူစားမျိုးတစ်ဦးကို သင့်အိတ်ထဲ ထည့်ထားနိုင်ပြီဆိုလျှင် သင် သူတို့ကို နေ့စဉ်နေ့တိုင်း အသုံးမချဘဲ နေနိုင် လိမ့်မည်မဟုတ်။ အခွင့်အလမ်းပေါ်လာတိုင်း သူတို့၏ အဆိုအမိန့်ကို ကောက်နုတ်အသုံးချနေမိမည်သာ ဖြစ်၏။

ဘဝလမ်းခရီးကို လျှောက်လှမ်းရာ၌ မည်သို့မည်ပုံ အပေးအယူ အလျှော့ အတင်း ပြုလုပ်ရမည်ကို ဖေဖေက အကြံပေးခဲ့ဖူးသည်။

"မင်း ဆုံးဖြတ်ချက်တစ်ခု မချမဖြစ် ချမှတ်ရတော့မယ်ဆိုမှ ဆုံးဖြတ်ချက် တစ်ခု ချမှတ်ပါ" ဟူသော စကားမျိုးတွေ သူ ပြောလေ့ရှိသည်။ လုပ်ငန်းခွင် မှာဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေးများတွင်ဖြစ်စေ ကျွန်တော်က အင်အား သာပြီး အထက်စီးအနေအထားမျိုး ရနေသည့်တိုင် ပွဲကိုတရားမျှတအောင် ကစားပါဟူ၏။ "မင်း မော်တော်ယာဉ်မောင်းနေရာမှာ ဝင်ထိုင်နေတာဟာ

mgyoe.com

mgyoe.com  SAMPLE BOOK 

လမ်းမှာတွေ့သမျှ လူတိုင်းကို တိုက်သတ်ပစ်ဖို့ မဟုတ်ဘူး"

ယခုနောက်ပိုင်းမှာတော့ ဖေဖေကိုယ်တိုင် မပြောခဲ့သည့်တိုင် စကားအချို့ကို ဖေဖေပြောခဲ့လေဟန်၊ ကျွန်တော် ပြောနေမိပြီ။ ကျွန်တော် ဘာကိုပဲ ပြောသည်ဖြစ်စေ၊ ၎င်းအကြောင်းအရာသည် ဖေဖေ့ထံမှ ဆင်းသက်လာပုံ ရပါသည်။ ကြည့်ရတာ ဖေဖေက အစစအရာရာကို သိနားလည်နေဟန် ရှိပါသည်။

တစ်ချိန်တည်းတွင် ကျွန်တော့်မေမေသည်လည်း အလွန်သိနားလည်သည့် အမျိုးသမီးကြီးဖြစ်ပါသည်။ ကျွန်တော်၏ ကြွစောင်းစောင်းနိုင်မှုကို ထိန်းပေးရေးမှာ သူမ၏ ဘဝပေးတာဝန် တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ခံယူထားသူလည်း ဖြစ်သည်။ သူမ၏ သွန်သင်ထိန်းကျောင်းမှုကို ယခုတော့ ကျွန်တော် ကျေးဇူးတင်ဝမ်းမြောက်နေမိပါသည်။ ဟိုတုန်းကတည်းက ကျွန်တော် ဘယ်လိုကောင်စားကလေးလဲဆိုတာ သူမကိုမေးလျှင် သူမက ကျွန်တော့်ကို ပုံဖော်လေ့ရှိသည်မှာ "နိုးနိုးကြားကြား ရှိတယ်။ ဒါပေမဲ့ အရွယ်နဲ့မလိုက်အောင် ထက်မြက်လွန်းတာတော့မဟုတ်ဘူး" ဟူ၏။ ယခုတော့ မိမိတို့၏ သားသမီးများကို ပါရမီရှင်ကလေးများအဖြစ် မိဘများက အမွှမ်းတင်နေသည့်ခေတ်ထဲတွင် ကျွန်တော်တို့ ရှင်သန်ကျင်လည် နေထိုင်ကြပြီ။ သည်တော့ "နိုးနိုးကြားကြား ရှိပါတယ်" ဆိုသော မေမေ့သရုပ်ဖော်စကားကို ချီးကျူးစကားတစ်ခွန်းဟု ယူဆရမည်ဖြစ်ပါသည်။

ကျွန်တော် ပီအိပ်ချ်ဒီသင်တန်းတက်စဉ်က 'သဘောတရား စစ်ဆေးမှု' ဟု ခေါ်ဆိုသည့် ဘာသာရပ်ကို ယူခဲ့ရ၏။ ထိုဘာသာရပ်ကို ယူခဲ့ခြင်းသည် ကျွန်တော့်ဘဝတွင် ဓာတုဗေဒကုထုံးဖြင့် ကုသခံရခြင်းပြီးလျှင် ဒုတိယအဆိုးဆုံးဖြစ်ရပ်နှင့် ရင်ဆိုင်ရခြင်းပင်။ အဆိုပါ ကုထုံးသည် ဘယ်လောက်ဆိုးပြီး ဘယ်လောက်အခံရခက်ကြောင်း မေမေ့အား ပြောပြသောအခါ မေမေက ကျွန်တော့်လက်မောင်းကို အသာအယာပုတ်ကာ "သား ဘယ်လိုခံစားရတယ်ဆိုတာ မေမေတို့ သိတာပေါ့ သားရယ်။ မင်း တစ်ခုသတိရနေဖို့က မင့်ဖေဖေ မင့်အသက်အရွယ်လောက်တုန်းက သူဟာ ဂျာမန်တွေကို စစ်တိုက်နေခဲ့တယ်ဆိုတာကိုပေါ့" ဟု ပြောခဲ့လေသည်။

ကျွန်တော် ပီအိပ်ချ်ဒီဘွဲ့ရပြီးသောအခါ အခြားသူများနှင့် မိတ်ဆက်ပေး

mgyoe.com

mgyoe.com
SAMPLE BOOK


တိုင်း မေမေက အားပါးတရ ဗြိန်ရေယှက်ရေ ပြောလေ့ရှိသည့်စကားမှာ "ဟောဒါ ကျွန်မသားလေ၊ သူက ဒေါက်တာရှင့်။ ဒါပေမဲ့ သူက လူတွေကို ကူညီဖေးမတဲ့ ဆရာဝန်မျိုးတော့မဟုတ်ဘူး" ဟူ၏။

လူတွေကို ကူညီဖေးမရာရောက်သည့် လုပ်ရပ်မှာ ဘယ်လိုလုပ်ရပ်မျိုး ဆိုသည်ကို ကျွန်တော့်မိဘနှစ်ပါး ကောင်းကောင်းသိသည်။ သူတို့သည် မုန်တိုင်းထန်သည့် ဘဝလမ်းကြမ်းပေါ်တွင် အကြီးအကျယ် ကူညီဖေးမဖို့ လိုအပ်နေသည့် လုပ်ငန်းများကို တွေ့ရစမြဲ။ သူတို့နှစ်ယောက် ပူးပေါင်းပြီး ထိုင်းလင်းကျေးလက်ဒေသတွင် စာသင်သား ၅၀ ဆံ့ အဆောင်တစ်ခု ဖွင့်ခဲ့၏။ ထိုသို့ အဆောင်ဖွင့်ရခြင်း ရည်ရွယ်ချက်မှာ မိန်းကလေးတွေ ကျောင်းမှန်မှန်တက်နေပြီး ပြည့်တန်ဆာအလုပ် မလုပ်ဖြစ်အောင် ကူညီဖေးမ ခြင်းပင် ဖြစ်တော့၏။

မေမေက အမြဲတမ်း အလှူအတန်း ရက်ရောသူ။ ဖေဖေကကော နှယ်နှယ် ရရလား။ သူတို့ထံတွင် ဆာလာအိတ်တစ်လုံးစာ အဝတ်အစားတွေ ချန်ထား ပြီး ကျန်သည့်အဝတ်အစားတွေ အကုန်လုံး လှူပစ်လိုက်လည်း အပြုံးမပျက် သူ။ နောက်ပြီး မြို့ကြီးပြကြီးတွင် နေရမှမဟုတ်။ ဆင်ခြေဖုံးရပ်ကွက် ကလေးတွင် ရိုးရိုးကုပ်ကုပ်ကလေး နေထိုင်ရလည်း ကျေနပ်နေသူ။ ထိုသဘောဖြင့် စဉ်းစားမည်ဆိုလျှင် ဖေဖေသည် ကျွန်တော်ကြုံဖူးသမျှ လူတွေထဲတွင် 'ခရစ်ယာန်' အပီသဆုံး လူတစ်ယောက်ဖြစ်ပါသည်။ နောက်ပြီး လူမှုရေးတန်းတူညီမျှမှုကို အကြီးအကျယ် တောင်းဆိုသူလည်း ဖြစ်၏။ မေမေနှင့် မတူသည့်အချက်ကတော့ ဖေဖေက ဘာသာရေးအဖွဲ့ အစည်းများကို လွယ်လွယ်ယုံတတ်သူမဟုတ်။ (ကျွန်တော်တို့က ပရက်စ် ဘီတီရီယန် ဘာသာဝင်တွေ) သူက အမြင့်ဆုံးစံများကို အာရုံစိုက်ပြီး တန်းတူညီမှုကို အကြီးမြတ်ဆုံး ရည်မှန်းချက်အဖြစ် သတ်မှတ်ထားသူ။ ဖေဖေက လူ့အဖွဲ့အစည်း တိုးတက်မြင့်မားရေးကို မျှော်လင့်ထားသည်။ သူ့မျှော်လင့်ချက်တွေ မကြာမကြာ သဲထဲရေသွန်ဖြစ်ရသော်လည်း ဖေဖေက အကောင်းမြင်သမားတစ်ဦးအဖြစ်ကို ဆင်းဆင်းရဲရဲ မွဲမွဲတေတေ ခံယူထား ဆဲပါ။

ကျွန်တော့်ဖေဖေ အသက် ၈၃ နှစ်တွင် သွေးကင်ဆာဖြစ်နေမှန်း

mgyoe.com

mgyoe.com


သိကြရသည်။ လောကတွင် အသက်ရှင် နေထိုင်ဖို့ အချိန်များများစားစား မကျန်တော့မှန်း သိရသည့်အခါ သူက သူ့ခန္ဓာကိုယ်ကို ဆေးသိပ္ပံပညာ အတွက် လှူဒါန်းပစ်ဖို့ စီစဉ်သည်။ နောက်ပြီး ထိုင်းနိုင်ငံရှိ မိန်းကလေးများ အဆောင်ကို နောက်ထပ် ခြောက်နှစ်အထိ ဆက်ဖွင့်လို့ရအောင် ငွေလှူခဲ့လေသည်။

ကျွန်တော့်နောက်ဆုံးပို့ချချက်ကို ကြည့်ရသူအများစုသည် ကျွန်တော် ထိုးပြသည့် ဓာတ်ပုံကို မှတ်မှတ်ရရ ဖြစ်သွားကြသည်။ ဓာတ်ပုံထဲတွင် ကျွန်တော်က ညဝတ်အင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ထားသည်။ လက်တစ်ဖက်က မေးစေ့ကို ထောက်ပြီး တံတောင်ဆစ်က အိပ်ရာပေါ်ထောက်ပြီး စောင်းစောင်းကလေး လဲလျောင်းနေသည့် ဓာတ်ပုံကိုကြည့်ရုံဖြင့် ကြီးကြီး ကျယ်ကျယ်တွေ စိတ်ကူးယဉ်တတ်သည့် ချာတိတ်တစ်ယောက်ဆိုတာ သိသာပေါ်လွင်နေသည်။

ကျွန်တော့်ရှေ့တွင် ကန့်လန့်ဖြတ် ကာနေသည့်တန်းမှာ သစ်သားအိပ်စင်ရှေ့ကာတန်း ဖြစ်သည်။ ၎င်းသစ်သားအိပ်စင်ကို သစ်အကိုင်အတွယ် ကျွမ်းသည့် ဖေဖေက သူကိုယ်တိုင် ဆောက်လုပ်ပေးထားခြင်းဖြစ်၏။ ထိုချာတိတ်၏မျက်နှာပေါ်မှ အပြုံး၊ သစ်သားတန်းနှင့် သူ့မျက်လုံးတွေထဲမှ အကြည့်။ အဆိုပါ ဓာတ်ပုံက ကျွန်တော်သည် မိဘထိ ပေါက်ထားသူဖြစ်ကြောင်း သတိရစေပါသည်။

ကျွန်တော့်သားကလေးနှစ်ဦးနှင့် သမီးကလေးတွင် မေတ္တာတရားကြီးမားသော မိခင်တစ်ဦးရှိနေလိမ့်မည်။ သူမက သူတို့ကလေးတွေကို ဘဝလမ်းကြောင်းတွင် ထက်ထက်မြက်မြက် ဦးဆောင်လမ်းပြသွားလိမ့်မည်ဆိုတာ ကျွန်တော် သိနေသည်။ သို့ပေမဲ့ သူတို့ကလေးတွေမှာ သူတို့ကလေးတွေ၏ဖခင်တော့ ရှိမည်မဟုတ်တော့။ ထိုအချက်ကို ကျွန်တော် လက်ခံသည်။ သို့ပေမဲ့ ထိုအချက်က ကျွန်တော့်ရင်ကို နာကြည်းကြေကွဲစေသည်။

ကျွန်တော့်ဘဝ၏ နောက်ဆုံးနေ့ရက်များတွင် ကျွန်တော် ရှင်သန်နေထိုင်ပုံ နေထိုင်နည်းကို ကျွန်တော့်ဖေဖေ လက်ခံသဘောတူလိမ့်မည်ဟု ကျွန်တော် ယုံကြည်လိုက်ချင်ပါသည်။ ဈေးအတွက် အစစ အရာရာကို နေသားတကျဖြစ်အောင် စီစဉ်ပေးခဲ့ဖို့၊ ကျွန်တော် ယခုလုပ်ဆောင်နေသလို

mgyoe.com

mgyoe.com
SAMPLE BOOK


ကလေးတွေနှင့် တတ်နိုင်သလောက် အချိန်များများ အတူနေထိုင်ဖို့ဆိုတာတွေ ဖေဖေ အကြံပေးလိမ့်မည်။ ကျွန်တော်တို့မိသားစု ဗာဂျီးနီးယားသို့ ပြောင်းရွှေ့ခဲ့ခြင်းကိုလည်း အဓိပ္ပာယ်ရှိသည်ဟု သူ ရှုမြင်ပါလိမ့်မည်။

တခြား ဘယ်လိုအကြောင်းအရာမျိုးဖြစ်ဖြစ် ထိုအကြောင်းအရာများထက် ကိုယ့်သားသမီးကလေးတွေ သိနေဖို့ ပိုပြီးလိုအပ်သည့်အချက်မှာ သူတို့ဖေဖေကြီးက သူတို့ကလေးတွေကို နင့်နေအောင်ချစ်သည်ဆိုတာ သူတို့ကလေးတွေသိအောင် လုပ်ဖို့ကိုလည်း ဖေဖေ ကျွန်တော့်ကို တဖွဖွ သတိပေးလိမ့်မည်ဆိုတာ ကျွန်တော် သိနေသည်။ ထိုအချက်ကို သူတို့ကလေးတွေ သိနေရေးမှာ သူတို့၏မိဘများ သက်ရှိထင်ရှားရှိမနေလည်း ဖြစ်ပါသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

## မွေးမြူရေးခြံအိမ်ထဲမှ ဓာတ်လှေကား

ကျွန်တော့် စိတ်ကူးစိတ်သန်းများကို ခေါင်းထဲမှာ အမြဲထိန်းထားဖို့ သိပ်မလွယ်လှ။ အထက်တန်းကျောင်း တက်လာပြီး ကျောင်းသက် တစ်ဝက်လောက် ကျိုးလာတော့ ခေါင်းထဲဝဲလှည့်နေသည့် အတွေးတချို့ကို ကျွန်တော့် ကလေးဘဝ အိပ်ခန်းနံရံများပေါ် ပက်ဖျန်းပစ်လိုက်ဖို့ စိတ်ဆန္ဒတွေ ပြင်းပြလာသည်။

ထိုသို့ လုပ်ခွင့်ပြုဖို့ မိဘနှစ်ပါးထံ ခွင့်တောင်းရသည်။

"ကျွန်တော့် အိပ်ခန်းနံရံတွေပေါ်မှာ ဆေးပန်းချီ ရေးချင်တယ်"

"ဘယ်လိုဟာမျိုးတွေလဲ" ဟု သူတို့က မေးသည်။

"ကျွန်တော့်ရင်ထဲမှာ အောင်းနေတာတွေပေါ့။ အရမ်းမိုက်မယ်လို့ ကျွန်တော် ထင်တဲ့အရာတွေလေ။ ဖေဖေတို့၊ မေမေတို့ တွေ့မှာပါ"

ထိုဖြေရှင်းချက်လောက်သည် ဖေဖေ့အတွက် ပြည့်စုံလုံလောက်နေပြီ။ သည်လို စာနာနားလည်တတ်မှုကလေးတွေကြောင့်ပင် ဖေဖေသည် အရမ်းကြီးမြတ် ကြည်ညိုချင်စရာကောင်းနေခြင်းဖြစ်၏။ သူက သင့်အား ပြုံးပြလိုက်ရုံမျှဖြင့် တီထွင်ဆန်းသစ်မှုကို အားပေးပြီး ဖြစ်နေသည်။ စိတ်အားထက်သန်မှု မီးပွားကလေးမှသည် မီးရှူးမီးပန်းများအဖြစ်သို့ ပြောင်းလဲဖြစ်ထွန်းလာသည်ကို သူက မြင်လိုတွေ့လိုသူ။ နောက်ပြီး သူက ကျွန်တော့်အကြောင်း နောကျေအောင် သိနားလည်နေသည်။ ကျွန်တော့်ရင်တွင်း ခံစား

mgyoe.com

mgyoe.com SAMPLE BOOK


ချက်များကို ထုံးတမ်းစဉ်လာ မဟုတ်သောနည်းများဖြင့် ဖော်ပြလိုစိတ်ကိုလည်း သူသိနေသည်။ ထို့ကြောင့် ကျွန်တော်၏ နံရံပန်းချီ ရေးဆွဲပွဲကြီးသည် အလွန်သင့်မြတ်လျော်ကန်သည့် အကြံဖြစ်သည်ဟု သူ သဘောထားခဲ့သည်။

ကျွန်တော်၏ စိတ်ထွက်ပေါက်ရှာ စွန့်စားခန်းကြီးကို မေမေကတော့ တယ်ပြီးသဘောမကျလှ။ သို့သော် ကျွန်တော် ဘယ်လောက်စိတ်ဓာတ်တက်ကြွနေကြောင်း တွေ့ရသောအခါမှာတော့ မေမေက သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ကြီးပင် သဘောတူလိုက်လျောခဲ့ပါသည်။ သည်လိုကိစ္စမျိုးတွေတွင် ဖေဖေကသာ အနိုင်ရနေကျဆိုတာကိုလည်း သူမ သဘောပေါက်ထားသည်လေ။ သည်တော့ အေးအေးချမ်းချမ်း အလျှော့ပေးလိုက်တာ ပိုမကောင်းပေဘူးလား။

ကျွန်တော့်အစ်မ တမ်မီနှင့် ကျွန်တော့်သူငယ်ချင်း ဂျက်ရှယ်ရစ်ဖ်တို့၏ အကူအညီဖြင့် ကျွန်တော့်အိပ်ခန်းနံရံများပေါ်တွင် ကျွန်တော် နှစ်ရက်တိုင်တိုင် ဆေးရေးပန်းချီဆွဲသည်။ ဖေဖေက ဧည့်ခန်းထဲမှာ မြိန့်မြိန့်ကြီးထိုင်ပြီး သတင်းစာ ဖတ်နေသည်။ ကျွန်တော့်ဆေးရေးပန်းချီအခမ်းအနား ဖွင့်ပွဲကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေခြင်း။ မေမေကတော့ အိမ်ရှေ့ဧည့်ခန်းဆောင်ထဲတွင် စိတ်လှုပ်ရှားမှုအပြည့်ဖြင့် လူးလာခေါက်တုံ့ ဟိုလျှောက် သည်လျှောက်ပေ့ါ။ မေမေက ကျွန်တော့်အခန်းဆီသို့ အသာကလေးလာသည်။ ချောင်းကြည့်ဖို့ ကြိုးစားသည်။ သို့ပေမဲ့ ကျွန်တော်တို့က အကာအရံအပြည့်ဖြင့် အခန်းအောင်းနေကြသည်လေ။ ရုပ်ရှင်ဇာတ်ကားများထဲတွင် သူတို့ပြောသလိုပေါ့။ ဒါက 'သီးသန့်ရိုက်ကွင်း' လေ။

ကျွန်တော်တို့ ဘာတွေရောင်စုံခြယ်ခဲ့ကြသလဲ။

အဲ၊ ကျွန်တော်က နံရံပေါ်တွင် နှစ်ထပ်ကိန်း ပုံသေနည်းကို ရေးထားချင်တာကိုး။ နှစ်ထပ်ကိန်း ညီမျှခြင်းတွင် မသိသောအရေအတွက်တစ်ခု၏ အမြင့်ဆုံးထပ်ကိန်းမှာ ထောင့်မှန်စတုဂံဖြစ်၏။ အမြဲတမ်း ကွန်ပျူတာရူးနေသည့် ကျွန်တော်က သည်အချက်ကို မှတ်တမ်းတင်ထိုက်သည်ဟု ယူဆသည်။

သို့ဖြင့် အခန်းတံခါးပေါ်တွင် ရေးခြယ်လိုက်သည်မှာ–

mgyoe.com

mgyoe.com


$$\frac{-b-\sqrt{b^2-4ac}}{2a}$$

ဂျက်နှင့် ကျွန်တော်က ငွေရောင်ဓာတ်လှေကားတံခါးကြီး တစ်ချပ်ပုံကို ရေးဆွဲသည်။ တံခါး၏ ဘယ်ဘက်တွင် *အတက်နှင့် အဆင်း* ခလုတ်များ ရေးဆွဲသည်။ ဓာတ်လှေကား အထက်တွင်တော့ အထပ်နံပါတ်များကို တစ်မှ သည် ခြောက်အထိ ရေးမှတ်သည်။ အထပ်နံပါတ် 'သုံး' တွင် မီးလင်းနေသည်။ ကျွန်တော်တို့ နေထိုင်သည်မှာ နွားမွေးမြူရေးခြံထဲမှ အိမ်ကြီးတစ်လုံးတွင် ဖြစ်၏။ မီးလင်းနေသည်မှာ အထပ်တစ်ထပ်မျှသာ။ သည်တော့ အားလုံးခြောက်ထပ် ရှိသည်ဟု ကျွန်တော် စိတ်ကူးကွန့်ထားသည်။ သို့သော် ခုနေပြန်ကြည့်တော့ ကျွန်တော် ဘာကြောင့်အထပ်ပေါင်း ၈၀ (သို့မဟုတ်) ၉၀ လောက် မရေးဆွဲခဲ့ပါသလဲ။ ကျွန်တော်က မြင့်မြင့်မားမား ကြီးကြီးကျယ်ကျယ် စိတ်ကူးယဉ်တတ်သူဆိုလျှင် ကျွန်တော့်ဓာတ်လှေကားသည် ဘာ့ကြောင့် အထပ်သုံးထပ်တွင် ရပ်နေပါသလဲ။ ကျွန်တော် မပြောတတ်။ ဤအချက်သည် ကျွန်တော့်ဘဝတွင် ဖြစ်ပေါ်လာသော ဉာဏ်ကွန့်မြူးချက်နှင့် လက်တွေ့အကျိုးမျှော်ဝါဒအကြား ဟန်ချက်ညီအောင် ထိန်းထားမိတာလည်း ဖြစ်နိုင်သည်။

ကျွန်တော်က ပန်းချီဆွဲတော်သူမဟုတ်။ သည်တော့ ကျွန်တော်ရေးဆွဲသည့် အရာများကို ဂျီသြမေတြီပုံစံများဖြင့် ရေးဆွဲခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော် တွေးသည်။ သည်တော့ ဆူးတောင်တွေ တပ်ဆင်ထားသည့် ဒုံးပျံယာဉ်ကြီးပုံကို ရိုးရိုးရှင်းရှင်းပဲ ရေးဆွဲလိုက်၏။ 'မနှင်းဖြူ' ကလေး၏ ကြည့်မှန်ကိုတော့ စာတစ်ကြောင်းဖြင့် သရုပ်ဖော်ထားသည်။ ရေးထားသည့်စာကြောင်းမှာ "သင်သည် အလှပဆုံးဖြစ်သည်ဟု ကျွန်ုပ်ပြောလျှင် ကျွန်ုပ် လိမ်ပြောပြီဆိုတာ သတိရပါ" ဟူ၏။

မျက်နှာကြက်ပေါ်တွင်တော့ ဂျက်နှင့် ကျွန်တော်က "ကျွန်တော် ထပ်ခိုးပေါ်မှာ ပိတ်မိနေတယ်" ဟူသော စာတန်းကို ရေးသည်။ ကျွန်တော်တို့က စာလုံးတွေကို နောက်ပြန်ရေးသည်။ သို့မှထပ်ခိုးပေါ်တွင် ကျွန်တော်တို့ ပိတ်လှောင်ထားသူတစ်ဦးက ကယ်ဆယ်ဖို့ စာရေးထားသည်နှင့်တူမည်

mgyoe.com

m g y o e . c o m


မပဟုတ်လား။

ကျွန်တော်က စစ်တုရင် ထိုးရတာကို သဘောကျသည်။ ထို့ကြောင့် တမ်မီက စစ်တုရင်အရုပ်များကို ဆေးခြယ်သည်။ (ကျွန်တော်တို့အထဲတွင် တမ်မီတစ်ယောက်ပဲ ပန်းချီဆွဲတော်သည်) သူမက အရုပ်ကလေးများ ဆေးခြယ်နေခိုက် ကျွန်တော်က ကျွန်တော့်အိပ်စင် နောက်ဘက်တွင် ရေလှောင်ထားသည့် နံရံကပ်မှန်သေတ္တာတစ်လုံးရှိသည်။ ၎င်းနံရံကပ် ရေလှောင်ကန်ပေါ်တွင် ကျွန်တော် ရေငုပ်သဘော်ပုံတစ်ပုံ ဆွဲသည်။ အိပ်ရာ ခင်းအပေါ်ဘက်လောက်ဆီတွင် ပယ်ရီစကုပ်ပုံ တစ်ပုံ ရေးသည်။ ရန်သူ သဘော်များကို ရှာဖွေမည့် ပယ်ရီ စကုပ်။

ပန်ဒိုရာ၏ သေတ္တာဇာတ်လမ်းကို အမြဲတမ်း နှစ်သက်သဘောကျခဲ့ သော ကျွန်တော်က တမ်မီနှင့်တွဲပြီး ပန်ဒိုရာ၏ သေတ္တာပုံတစ်ပုံ ရေးဆွဲ သည်။ ဂရိဒဏ္ဍာရီထဲမှ ပန်ဒိုရာကို သေတ္တာတစ်လုံး ပေးလိုက်သည်။ သေတ္တာထဲတွင် ကမ္ဘာပေါ်မှာ ရှိရှိသမျှ ဆိုးယုတ်မှုမျိုးစုံကို ထည့်ပေးလိုက် သည်။ နောက်ပြီး သေတ္တာအဖုံးကို မဖွင့်ဖို့လည်း မှာကြားလိုက်သည်။ သို့သော် ပန်ဒိုရာက မနာခံဘဲ သေတ္တာအဖုံးကိုဖွင့်သည်။ ထိုအခါ အထဲမှ မကောင်းမှုတွေ ထွက်လာပြီး ကမ္ဘာတစ်လွှားတွင် ပျံ့နှံ့ကုန်တော့၏။ သည်ဇာတ်လမ်းတွင် ကျွန်တော် စွဲမက်သည်က ဇာတ်လမ်း၏ အကောင်းမြင် ဇာတ်သိမ်းပိုင်းကလေး။ သေတ္တာထဲမှ အမျိုးမျိုးအဖုံဖုံသော ဆိုးယုတ်မှုတွေ ထွက်လာသော်လည်း ဟိုးအောက်ခြေတွင် အရာတစ်ခု ကျန်နေသေးသည်။ ၎င်းအရာကား ဟုပ် (Hope)(သို့မဟုတ်) မျှော်လင့်ချက်ပါတည်း။ သည် တော့ ကျွန်တော်ရေးဆွဲသည့် ပန်ဒိုရာ၏ သေတ္တာထဲတွင် ဟုပ် (မျှော် လင့်ချက်) ဆိုသည့် စာလုံးကို ရေးထည့်ထားသည်။ ၎င်းစာလုံးကို မြင်သော အခါ ဂျက်က မအောင့်နိုင်မအည်းနိုင်ဘဲ 'ဟုပ်' (Hope) ဆိုသည့် စာလုံး အပေါ်ဘက်နားတွင် 'ဘော့' (BOB) ဆိုသည့် စာလုံးကို ရေးလိုက်တော့၏။ (ဘော့ဟုပ် [Bob Hope] သည် ကမ္ဘာကျော်ဟာသ ရုပ်ရှင်မင်းသားကြီး ဖြစ်သည်။ ။ မြန်မာပြန်သူ) သူငယ်ချင်းတွေ ကျွန်တော့်အခန်းသို့ လာလည် သောအခါ 'ဟုပ်' ၏အပေါ်တွင် ဘာကြောင့် 'ဘော့' ရှိနေရသလဲဆိုတာ ခဏမျှ အတွေးရှုပ်ကြ၏။ ထို့နောက် 'ဘော့ဟုပ်' ဟု တွဲတွေးလိုက်မိမှ

m g y o e . c o m

အထာပေါက်သွားကြလေသည်။

အချိန်ကာလက ၁၉၇၀ ပြည့်လွန်နှစ်များဖြစ်ရာ အခန်းတံခါးပေါ်တွင် ကျွန်တော်က 'ဒစ္စကို သောက်သုံးမကျ' ဆိုသော စာတန်းကိုလည်း ရေးထားသည်။ ထိုစာတန်းမှာ ရိုင်းသည်ဟု မေမေက ထင်သည်။ တစ်နေ့ ကျွန်တော် မရှိချိန်တွင် မေမေက 'သောက်' ဆိုသည့် စကားလုံးပေါ်တွင် ဆေးထပ်သုတ်ပြီး ဖျက်ပစ်လိုက်၏။ ကျွန်တော့်လက်ရာများတွင် မေမေ တည်းဖြတ်တာဆိုလို့ သည်တစ်ခုပဲ ရှိပါသည်။

ကျွန်တော့်အိမ်သို့ လာလည်သော သူငယ်ချင်းများကတော့ တော်တော် ကလေး နှစ်သက်အားကျကြသည်။ "မင်း ဖေဖေနဲ့မေမေက မင်းကို ဒီလို လုပ်ခွင့်ပေးတာ ငါဖြင့် ယုံတောင်မယုံနိုင်ဘူးကွာ" တဲ့၊ သူတို့ပြောသည့် စကား။

နံရံဆေးရေးပွဲကြီး ကျင်းပစဉ်တုန်းကတော့ မေမေသိပ်ပြီး နှစ်ထောင်း အားရမရှိလှ။ သို့ပေမဲ့ ကျွန်တော့်လက်ရာများကို ဆေးသုတ်ပြီး ဖျက်ပစ် ခြင်းမရှိ။ ကျွန်တော် လူလားမြောက်ပြီး အိမ်မှာ မနေတော့သည့်တိုင် ကျွန်တော့် အခန်းကို သည်အတိုင်း ထိန်းထားခဲ့သည်။ နောင်ဆယ်စုနှစ်တွေ ကုန်လွန်လာတော့ ကျွန်တော့်အိပ်ခန်းသည် အိမ်သို့လာလည်သည့် ဧည့်သည်များ အာရုံစိုက်ရမည့် နေရာတစ်နေရာ ဖြစ်လာတော့သည်။ သည်သို့ မှုန်းခြယ်ထားခြင်းသည် 'မိုက်သည်' ဟု သူတို့ တွေးကြသည်။ သည်သို့ မှုန်းခြယ်ခြင်းကို ခွင့်ပြုခဲ့သည့် သူမကိုလည်း မိုက်သည်ဟု သူတို့ ယူဆကြလေသည်။

ယခု ကြွရောက်နားဆင်သူတွေထဲမှာ မိဘတွေများ ပါခဲ့ရင်၊ ခင်ဗျားတို့ ကလေးတွေက သူတို့အိပ်ခန်းတွေကို ဆေးရောင်စုံခြယ်မှုန်းချင်ကြောင်း ခွင့်ပန်လာရင် ခွင့်ပြုလိုက်ပါ။ အားလုံးအဆင်ပြေသွားမှာပါ။ အိမ်ကိုပြန် ရောင်းတဲ့အခါ ဈေးမရမှာကို တွက်မနေပါနှင့်။

ကျွန်တော့်ရဲ့ ငယ်ဘဝအိမ်ကို နောက်ထပ် ဘယ်နှခေါက် ရောက်ဦး မလဲဆိုတာ မသိနိုင်ပါဘူး။ သို့ပေမဲ့ အဲဒီအိမ်ကို တစ်ခေါက်ရောက်သွားတိုင်း ကြည်နူးပီတိဖြစ်မှု တစ်ကြိမ်ခံစားရသည်။ ခုထိကျွန်တော် ရောက်သွားတိုင်း ဖေဖေ့လက်ရာ အိပ်စင်ပေါ်မှာ အိပ်တုန်းပဲ။ ကျွန်တော် အဲဒီကြောင်ကြောင်

mgyoe.com

mgyoe.com SAMPLE BOOK


ကျားကျား အခန်းနံရံတွေကို ကြည့်တယ်။ သည်လိုခြယ်မှုန်းခွင့်ပြုခဲ့တဲ့ မိဘနှစ်ပါးအကြောင်း စဉ်းစားသည်။ ငါဟာ တော်တော်ကံကောင်းခဲ့ပါ ကလားလို့ တွေးပြီး ကြည်နူးနှစ်သိမ့်ဖြစ်ရင်း အိပ်ပျော်သွားမြဲဖြစ်ပါသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# (၆)

## ဆွဲငင်အားမဲ့ဒေသသို့ သွားရောက်ခြင်း

တိကျရေရာသည့် စိတ်ကူးယဉ်မှုတွေ ရှိဖို့ အရေးကြီးပါသည်။

ကျွန်တော် အတန်းကျောင်းမှာတုန်းက ချာတိတ် တော်တော်များများသည် အာကာသယာဉ်မှူးတွေ ဖြစ်လိုကြသည်။ နာဆာအဖွဲ့ (အမေရိကန်ပြည်ထောင်စု၊ အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့) က ကျွန်တော်လိုလူမျိုးကို လိုလားမည် မဟုတ်ကြောင်း ကျွန်တော် ငယ်ငယ်ကတည်းက သိသည်။ အာကာသယာဉ်မှူးများသည် မျက်မှန်တပ်လို့ မရကြောင်း ကျွန်တော် ကြားဖူးသည်။ သည်အချက်နှင့်ပတ်သက်၍ ဘာမျှစောဒက မတက်လိုပါ။ တကယ်တမ်း ပြောရလျှင် အာကာသယာဉ်မှူးဖြစ်ဖို့ကို ကျွန်တော် သိပ်လိုလိုလားလားကြီးမဟုတ်။ ကျွန်တော်က လေဟာနယ်ထဲ လွင့်မျောနေလိုခြင်းလောက်ပါ။ နာဆာတွင် လေယာဉ်တစ်စင်းရှိသည်။ ၎င်းလေယာဉ်ဖြင့် အာကာသယာဉ်မှူးများ ဆွဲငင်အား ကင်းမဲ့သည့်နေရာဒေသတွင် နေတတ်အောင် လေ့ကျင့်ပေးသည်ဟု ကြားရသည်။ နာဆာက 'ထူးဆန်းထွေလာ အလေးချိန်မဲ့ ကမ္ဘာ' ဟု အမည်ပေးထားသော်လည်း လူတိုင်းကတော့ 'ပျို့အန်ခြင်း ဂြိုဟ်' ဟု ခေါ်ဝေါ်သမုတ်ကြ၏။ စင်စစ်သိသာထင်ရှားသည့်အချက်ကို အများပြည်သူ သိပ်အာရုံ မစိုက်မိအောင် နာဆာက အာရုံပြောင်း နာမည်ပေးထားခြင်း ဖြစ်တန်ရာပါသည်။

၎င်းယာဉ်ကို ဘယ်လိုပဲ အမည်မှည့်မှည့်၊ ဘယ်လိုပဲခေါ်ခေါ် ၎င်းယာဉ်

mgyoe.com

mgyoe.com SAMPLE BOOK

ကား တော်တော်စိတ်လှုပ်ရှားစရာကောင်းသည့် စက်ပစ္စည်းကြီးဖြစ်၏။ ၎င်းယာဉ်က ချာလည်လည်သည်။ ကတော့ပုံ အထက်အောက် အတက်အဆင်းပြုသည်။ သင့်ကိုယ်ခန္ဓာသည် အထက်အောက် အတက်အကျ ရှိမည်။ ချာလည်လည်မည်။ ရှိလာကိုစတာ စီးရသလို ခံစားရမည်။ သင့်ကိုယ်ခန္ဓာအလေးချိန် မရှိတော့သလို ဖြစ်နေမည်။

၎င်းလေယာဉ်ပေါ်တွင် ကောလိပ်ကျောင်းသား ကျောင်းသူများ လက်တွေ့စမ်းသပ် လေ့ကျင့်ကြည့်လိုလျှင် နာဆာအဖွဲ့သို့ အဆိုပြုလွှာတင်နိုင်ကြောင်း သတင်းထွက်လာသောအခါမှာတော့ ကျွန်တော့်စိတ်ကူးယဉ်အိပ်မက်တွေ ရုပ်လုံးပေါ်ခြေ ရှိလာတော့၏။ ၂၀၀၁ ခုနှစ်ထဲတွင် ကျွန်တော်တို့ ကာနက်ဂျီမယ်လွန်တက္ကသိုလ် စာသင်သားများက ၎င်းယာဉ်ကို အသုံးပြုပြီး သုတေသနပြုလုပ်မည့် စီမံချက်တစ်ခု အဆိုပြုတင်သွင်းလိုက်၏။

သင့်တစ်သက်လုံး ကမ္ဘာမြေကြီးပေါ်မှာ နေထိုင်အသက်ရှင်လာခဲ့ပြီးနောက်မှ သင့်ကိုယ်ခန္ဓာအလေးချိန်မဲ့သလို ခံစားရသည့် ခံစားချက်သည် ပြောမပြနိုင်လောက်အောင် ထူးဆန်းလှပါသည်။ ဆွဲငင်အား မဲ့သည့်ဒေသတွင် သင်၏ဟန်ချက်ကို ထိန်းပေးသည့် အတွင်းနား (Inner ear) သည် သင့်မျက်စိများက တွေ့မြင်ပြီး ပြောပြနေသည်များနှင့် ချိန်ကိုက်လှုပ်ရှားမှု မပြုနိုင်တော့။ ရလဒ်အဖြစ် မကြာမကြာ ဖြစ်ပေါ်လာတတ်သည်မှာ ပျို့ချင်အန်ချင်ခြင်းပါတည်း။ မြေပေါ်တွင် ပကတိနီးပါး လေ့ကျင့်မှုပြုခြင်းသည် တကယ့်လက်တွေ့ အာကာသထဲတွင် အထောက်အကူရနိုင်ပါမည်လား။ ကျွန်တော်တို့ စာသင်သားအဖွဲ့က မေးသည့်အဓိကမေးခွန်းမှာ ထိုအချက်ပဲဖြစ်၏။ ကျွန်တော်တို့မေးသည့် မေးခွန်းက ထိရောက်သည်။ အောင်မြင်သည်။ သို့ဖြင့် ကျွန်တော်တို့အဖွဲ့ အဆိုပါလေယာဉ်ကို လက်တွေ့စီးကြည့်ဖို့ ဟူစတန်ရှိ ဂျွန်ဆန်အာကာသစခန်းကို ဖိတ်ခေါ်ခြင်းခံရလေသည်။

ကျွန်တော့်အဖွဲ့သားအားလုံးထက် ကျွန်တော်က ပိုပြီးစိတ်ဓာတ် တက်ကြွလှုပ်ရှားနေမည် ထင်၏။ ပေါလောပေါ်နေခြင်း။ သို့သော် ဖြစ်စဉ်နောက်ပိုင်းတွင် ကျွန်တော့်အတွက် သတင်းဆိုးတစ်ခု ထွက်လာသည်။ မည်သည့်အနေအထားမျိုးတွင်ဖြစ်စေ ဌာနတာဝန်ခံများအနေဖြင့် သူတို့၏ကျောင်းသားများနှင့်အတူ ရောနှောစီးခွင့်မပြုရဟု နာဆာက ရှင်းရှင်းပြတ်ပြတ် အမိန့်

ထုတ်လိုက်ခြင်း။

ကျွန်တော် အသည်းကွဲသွားသည်။ သို့ပေမဲ့ ကျွန်တော် စိတ်မပျက်။ ဤမဟာရံတံတိုင်းကြီးကို ကျော်ဖြတ်တက်ဖို့ လမ်းကြောင်းရှာမှာပေါ့။ သူတို့ အစီအစဉ်နှင့်ပတ်သက်သည့် စာတွေကို စေ့စေ့စပ်စပ် လေ့လာကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်သည်၊ ဟာကွက်တွေ၊ ပျော့ကွက်တွေ ရှာရမည်။ ပျော့ကွက်တစ်ကွက် တွေ့သည်။ နာဆာက အမြဲလို နာမည်ကောင်းလက်မှတ် ကိုင်ဆောင်ထားလိုသူ။ သည်တော့ စာသင်သားများ၏ ဇာတိမြို့မှ သတင်းသမားတစ်ဦးကိုတော့ စာသင်သားများနှင့်အတူ လေယာဉ်စီးခွင့်ပြုမှာ သေချာသလောက်ရှိသည်။

နာဆာမှ တာဝန်ခံအရာရှိတစ်ဦးထံ တယ်လီဖုန်းဆက်ပြီး သူ၏ ဖက်စ်နံပါတ်ကိုတောင်းသည်။ "ခင်ဗျား ကျွန်တော်တို့ဆီ ဘာတွေဖက်စ်ရိုက်မလို့လဲ" ဟု သူက မေးသည်။ ကျွန်တော် ရှင်းပြသည်။ ပညာရေးဌာန တာဝန်ခံတစ်ဦးအနေဖြင့် အစီအစဉ်မှ နုတ်ထွက်စာတင်ပြီး သတင်းသမားတစ်ဦးအနေဖြင့် အစီအစဉ်မှာ ပါဝင်ခွင့်ရဖို့ လျှောက်ထားမည်။

"ကျွန်တော်က သတင်းသမားတစ်ဦးအဖြစ် ကျွန်တော့်ကျောင်းသားတွေနဲ့ အတူတွဲမယ်လေ"

သည်တော့ သူက ပြောသည်။ "နည်းနည်းလေး ပေါ်တင်ကြီး မဖြစ်လွန်းဘူးလားဗျာ"

"သေချာတာပေါ့" ဟု ကျွန်တော် ပြောသည်။ သို့သော် ကျွန်တော်တို့၏ လက်တွေ့စမ်းသပ်မှုကို သတင်းဝက်ဘ်ဆိုက်တွင် တင်ပေးမည်ဖြစ်ကြောင်း ကတိပေးသည်။ ကျွန်တော်တို့၏ လက်တွေ့လေ့ကျင့်ခန်း ရုပ်ရှင်ကို အရေးပါအရာရောက်သည့် သတင်းများထဲ ပို့ပေးမည်ဖြစ်ကြောင်းလည်း ကတိပြုလိုက်သည်။ သည်အပေးအယူကတော့ အလုပ်ဖြစ်မည်ဆိုတာ ကျွန်တော် သိနေသည်။ ဤကား နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် အစီအစဉ်မဟုတ်ပါလား။ သူက သူ့ဖက်စ်နံပါတ်ကို ပြောပြတော့၏။

စကားချပ်အဖြစ် ပြောလိုသည်မှာ သည်နေရာတွင် သင်ခန်းစာတစ်ခု ပါဝင်နေသည်။ စားပွဲပေါ်မှာ ချပြစရာတစ်ခုခု ယူလာပါ။ သို့ဆိုလျှင် သင့်အား ပို၍လိုက်လျောစွာ ကြိုဆိုမည်ဖြစ်သောကြောင့်ပင်။

mgyoe.com

mgyoe.com

ဆွဲငင်အားမဲ့နယ်မြေတွင် ကြုံခဲ့သည့် အတွေ့အကြုံမှာ အံ့မခန်းဖြစ်တော့၏။ (ဟင့်အင်း၊ ကျွန်တော် လုံးဝမအန်ခဲ့ပါ။ ကျေးဇူးတင်ပါသည်။) သို့ဖြစ်သော်လည်း နည်းနည်းကလေးတော့ အကျဆိုးသွားသည်။ အကြောင်းမှာ ထူးဆန်းအံ့ဩဖွယ် ကိုယ်အလေးချိန်မရှိသလို ၂၅ စက္ကန့်လောက် နေလိုက်ပြီး လေယာဉ်ထဲ ဆွဲငင်အား ပြန်ဝင်လာသောအခါ သင်သည် မူလအလေးချိန်ထက် နှစ်ဆပိုလေးသလို ဖြစ်သွား၏။ ထိုအခါ သင်သည် ဆိုးဆိုးရွားရွား အနေအထားဖြင့် ပြုတ်ကျနိုင်၏။ ထို့ကြောင့် "ခြေထောက်တွေ အောက်ချထား" ဟု အကြိမ်ကြိမ် သတိပေးနေခြင်းဖြစ်သည်။ မဟုတ်လျှင် သင် ဦးစိုက်ပြောင်းပြန် ပြုတ်ကျသွားနိုင်သည်လေ။

ဘာပဲဖြစ်ဖြစ် ပေါလောပေါ်ခြင်းကို ကျွန်တော့်ရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်ပြီး ဆယ်စုနှစ်လေးစုလောက်ကြာပြီးမှ ကျွန်တော် ထိုလေယာဉ်ပေါ် ကြံဖန်ပြီး တက်နိုင်ခဲ့သည်။ ဤဖြစ်ရပ်က သက်သေပြနေသည်မှာ ကယ်ပေါက်ကလေးတစ်ပေါက် သင်ရှာဖွေနိုင်သည်ဆိုလျှင် ၎င်းကယ်ပေါက်ကလေးထဲမှ လွှင့်မျောပြီး ဝင်သွားလို့ရသည့်နည်းကိုလည်း ရှာဖွေနိုင်လိမ့်မည်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# (၇)

## အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းသို့ ကျွန်တော် လုံးဝမရောက်ခဲ့

ကျွန်တော် ဘောလုံးဝါသနာပါသည်။ ဘောလုံး ရဖို့ တွန်းမည်၊ တိုက်မည်၊ လှဲမည်။ ကျွန်တော် ကိုးနှစ်သားအရွယ်ကတည်းက ဘောလုံး (ရပ်ဂ်ဘီ) စ ကစားသည်။ သည်ကစားနည်းက စ ကစားသည်မှ ယခုထိတိုင် တောက်လျှောက်လွမ်းမိုးနိုင်သည်။ ယနေ့ ကျွန်တော် ယခုလိုဖြစ်လာအောင် ဘောလုံးက အထောက်အကူပြုခဲ့သည်။ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတွင် ဝင်ရောက်ကစားရလောက်အောင် ကျွန်တော် မတက်လှမ်းနိုင်ခဲ့။ သို့ဖြစ်သည့်တိုင် ကစားနည်းတွင် မဖြစ်မြောက်၊ မအောင်မြင်ခဲ့သော်လည်း ကျွန်တော် ဖြစ်မြောက်အောင်မြင်ခဲ့သည့် အခြားအရာများထက် ဘောလုံးက ပိုပြီး အကျိုးပြုခဲ့သည်။

ဘောလုံးနှင့်ပတ်သက်ပြီး စိတ်ကူး စယဉ်ခဲ့သည်မှာ ဖေဖေက အော်ဟစ်ရန်းကန်နေသည့် ကျွန်တော့်ကို အတင်း ဆွဲသွားပြီး ဘောလုံးအသင်းတစ်သင်းနှင့် ဆက်သွယ်ခိုင်းခြင်းမှ စတင်ခဲ့သည်။ ကျွန်တော်က နဂိုကတည်းက တွန့်တွန့်ဆုတ်ဆုတ်၊ ကြောက်ကြောက်ရွံ့ရွံ့နှင့် ငကြောက်ကလေး။ နောက်ပြီး လူကောင်ကလည်း သေးသေးညှက်ညှက်ကလေး။ နည်းပြဆရာ ဂျင်ဂရေဟာမ်ကို တွေ့ရချိန်တွင် ကျွန်တော့်ကြောက်စိတ်တွေ အံ့သြစိတ်အဖြစ် ပြောင်းလဲသွားသည်။ နည်းပြဆရာကြီးက နည်းနည်း

mgyoe.com

mgyoe.com SAMPLE BOOK


နောနော လူကောင်ကြီးမဟုတ်။ သူ့အရပ်ကြီးက ခြောက်ပေ လေးလက်မ ရှိပြီး အုတ်တံတိုင်းကြီးလို တောင့်တင်းသူ။ သူက ပင်စီလ်ဗေးနီးယား ပြည်နယ်၊ လက်ရွေးစင်အသင်းတွင် နောက်တန်းလူအဖြစ် ကစားခဲ့သည်။ နောက်ပြီး သူက အလွန့်အလွန်ကို ရှေးဆန်သူ။ ဆိုလိုသည်မှာ တကယ့်ကို ရှေးဆန်လွန်းသူ ဖြစ်၏။

ပထမဦးဆုံး စတင် လေ့ကျင့်ရသည့်နေ့တွင် ကျွန်တော်တို့အားလုံး သေမလောက် ကြောက်နေကြသည်။ ထို့ပြင် ကျွန်တော်တို့ လေ့ကျင့်ကစားဖို့ သူက ဘောလုံးတစ်လုံးမှ ယူမလာ။ နောက်ဆုံးတော့ ကျွန်တော်တို့အားလုံး ကိုယ်စား ချာတိတ်တစ်ယောက်က ထမေးသည်။ "တစ်ဆိတ်လောက် နည်းပြဆရာကြီးခင်ဗျာ၊ ဘောလုံးလည်း တစ်လုံးမှမရှိပါလား"

သည်တော့ နည်းပြဆရာ ဂရေဟမ်က တုံ့ပြန် ပြောဆိုသည်မှာ "ငါတို့ ဘောလုံးတစ်လုံးမှ မလိုဘူးလေကွာ" ဟူ၏။

အားလုံးတိတ်ဆိတ်နေသည်။ သူ့စကားအဓိပ္ပာယ်ကို ကျွန်တော်တို့ စဉ်းစားနေခိုက် သူက ဆက်ပြောသည်။

"တစ်ခါကစားရင် ဘောလုံးကွင်းထဲမှာ လူဘယ်နှယောက်ရှိသလဲ"

"တစ်သင်းမှာ ၁၁ ယောက်" ဟု ကျွန်တော်တို့ ဖြေသည်။ သည်တော့ ကွင်းထဲမှာ ၂၂ ယောက် ဖြစ်သွားတာပေါ့။

"ပြီးတော့ သတ်မှတ်ထားတဲ့ အချိန်အတွင်း ဘောလုံးကို တို့ထိနေတဲ့ လူ တစ်ကြိမ်မှာ ဘယ်နှယောက်ရှိသလဲ"

သူတို့အထဲက တစ်ယောက်တည်းပါပဲ။

"ဟုတ်ပြီ။ ဒီတော့ တခြား ၂၁ ယောက် လုပ်နေရမယ့် အလုပ်တွေကို ငါတို့ လုပ်ကြမယ်"

အခြေခံများ။ ဤကား နည်းပြဆရာ ဂရေဟမ် ကျွန်တော်တို့ကို ပေးခဲ့သည့် ကြီးမြတ်သော လက်ဆောင်မွန်ပါတည်း။ အခြေခံများ၊ အခြေခံများ၊ အခြေခံများ။ တက္ကသိုလ်ပါမောက္ခတစ်ဦးဖြစ်လာတော့ ဤသင်ခန်းစာကို လူငယ်တော်တော်များများ လျစ်လျူရှုနေသည်ကို တွေ့ရ၏။ ဤသို့ လျစ်လျူရှုခြင်းသည် သူတို့ ပျက်စီးရာ ပျက်စီးကြောင်းပင် ဖြစ်တော့၏။ သင့်အနေဖြင့် အခြေခံများကို ကျေညက်ရပါမည်။ ဘာ့ကြောင့်ဆို အခြား

mgyoe.com

mgyoe.com
SAMPLE BOOK


အခြားသော အပေါ်ယံကိစ္စကလေးများသည် ထိရောက် တာသွားမည် မဟုတ်သောကြောင့်ပင်။

*

နည်းပြဆရာ ဂရေဟမ်က ကျွန်တော့်ကို ပြင်းပြင်းထန်ထန် 'မောင်း' နေကျ။ လေ့ကျင့်ခန်းဆင်းချိန် တစ်ချိန်ကို သီးသီးခြားခြား မှတ်မိနေသည်။

"ဟော့ကောင် ပေါ့ရှ်၊ မင်းလုပ်နေတာ အမှားတွေချည်းပဲ။ ပြန်သွား၊ ထပ်လုပ်" သူလုပ်စေချင်သလို ကျွန်တော် ကြိုးစားလုပ်သည်။ သည်လောက် ဖြင့် သူ မကျေနပ်။

"မင်း ငါ့ကို အကြွေးတင်သွားပြီ ပေါ့ရှ်။ လေ့ကျင့်ခန်းပြီးရင် မင်း လက်ထောက်မှောက် လေ့ကျင့်ခန်းလုပ်ရမယ်"

နောက်ဆုံး ကျွန်တော့်အား နားခွင့်ပြုလိုက်သောအခါ လက်ထောက် နည်းပြတွေထဲမှတစ်ဦးက ကျွန်တော့်ထံလာပြီး အားပေးသည်။

"ဆရာဂရေဟမ်က မင်းကို တော်တော်မောင်းတာပဲနော်"

"အင်း" ကျွန်တော် အသက်ပင် မှန်မှန်မရှူနိုင်။

"အဲဒါ ကောင်းတယ်ကွ" ဟု လက်ထောက်ဆရာက ပြောသည်။ "မင်း အမှားတွေ လုပ်နေတာကို ဘယ်သူကမှ ဘာမှမပြောဘူးဆိုရင် အဲဒါဟာ မင်းကို လက်လျှော့ထားတဲ့ သဘောပဲ"

ဇင်းသင်ခန်းစာသည် ကျွန်တော့်တစ်သက်လုံး ရင်ထဲစွဲနေပါသည်။ သင် မထော်မနမ်းလုပ်နေသည်ကို သင့်ဘာသာသင် သိသည်။ သို့သော် သင့်အား သတိပေးထိန်းကျောင်းပေးမည့်သူ တစ်ဦးတလေမျှမရှိ။ သင့်အား ဘယ်သူမျှ အဖက်လုပ်မနေတော့။ ထိုအနေအထားမျိုးသို့ သင် မရောက် သင့်။ ထိန်းကျောင်းပဲ့ပြင်စကားတွေကို သင် နားထောင်လိုမှ နားထောင်လို မည်။ သို့သော် သင့်အား ဝေဖန်သူများသည် သင့်အား မေတ္တာထားနေဆဲ ဖြစ်ကြောင်း၊ သင့်ကို တိုးတက်ကောင်းမွန်ဖို့ စေတနာထားကြောင်း ပြောသူ များ ဖြစ်နေလိမ့်မည်။

ကလေးသူငယ်များ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားစိတ် မွေးမြူ တတ်အောင် လေ့ကျင့်ပျိုးထောင်ပေးဖို့အကြောင်းကို ယနေ့ တော်တော်များ များ ပြောဆိုနေကြသည်။ မိမိကိုယ်မိမိ တန်ဖိုးထားစိတ်ဆိုသည်မှာ သင်က

mgyoe.com

mgyoe.com
SAMPLE BOOK


ပေးအပ်လို့ရသော အရာမဟုတ်။ သင့်ဘာသာသင် ပျိုးထောင်ယူရသည့် အရာ ဖြစ်၏။ ဆရာဂရေဟာမ်ကတော့ သင့်အား တယုတယနှင့် ဖူးဖူးမှုတ် ထားသည့်အနေအထားမျိုးဖြင့် အလုပ်လုပ်လိမ့်မည်မဟုတ်။

ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု။

သည်စိတ်ဓာတ် ချာတိတ်များတွင် ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပေးနည်း တစ်နည်းသာရှိကြောင်း ဆရာဂရေဟာမ်က သိထားသည်။ သူတို့ မလုပ်နိုင်သည့် တစ်စုံတစ်ခုကို သူတို့အား လုပ်ခိုင်းပါ။ ထိုတစ်စုံတစ်ခုကို လုပ်နိုင်လာသည်အထိ အားကြိုးမာန်တက် လုပ်ကြပါလိမ့်မည်။ ထိုသို့သော လုပ်ငန်းစဉ်မျိုးကို သူတို့အား ထပ်ကာတလဲလဲ လုပ်ခိုင်းပါ။

ဆရာဂရေဟာမ် လက်အောက်သို့ ကျွန်တော် ပထမဦးဆုံး ရောက်သွားစဉ်က ကျွန်တော်သည် တွန့်တွန့်ဆုတ်ဆုတ်နှင့် ငကြောက်ကလေး။ ဘာစွမ်းရည်မျှ မည်မည်ရရမရှိ။ ရုပ်ပိုင်းဆိုင်ရာ ခွန်အားမရှိ။ နောက်ပြီး ထိန်းချုပ်မှုလည်းမရှိ။ သို့သော် ကျွန်တော် လိုအပ်သလောက် ကြိုးစားပမ်းစား အလုပ်လုပ်လျှင် ကျွန်တော် ယနေ့ မလုပ်နိုင်သည့်အရာများကို မနက်ဖြန်တွင် လုပ်နိုင်လာလိမ့်မည်ဆိုတာ သဘောပေါက်လာအောင် ဆရာဂရေဟာမ်က ပြုပြင်ပေးခဲ့၏။ ကျွန်တော် ယခု အသက် ၄၇ နှစ် ရှိလာပြီဖြစ်သည့်တိုင် မည်သည့်အမျိုးသား လက်ရွေးစင် ဘောလုံးသမားမဆို ဂုဏ်ယူဝင့်ကြွားနေမည့် အချက်သုံးချက်ကို ထောက်ပြနိုင်ပါသေးသည်။

သည်ခေတ် သည်အခါတွင် နည်းပြဆရာ ဂရေဟာမ်လိုလူမျိုးကို လူငယ်များ အားကစားအဖွဲ့များမှ ကန်ထုတ်ကြလိမ့်မည်ဆိုတာ ကျွန်တော် သဘောပေါက်သည်။ သူက ကိုင်တွယ်တာ ကြမ်းလွန်းသည်။ မိဘများက အပြစ်တင် တိုင်တန်းကြလိမ့်မည်။

ကျွန်တော် သတိရသေးသည်။ ထိုစဉ်က ကျွန်တော်တို့အသင်းကလည်း ချာတူးလန်နေအောင် ကစားကြသည်။ ခေတ္တအနားပေးချိန် ရောက်သောအခါ ရေရှိရာဆီသို့ အလုအယက် အပြေးအလွှား သွားကြသည်မှာ ရေပုံးကြီးကို တိုက်မိပြီး ရေတွေ မှောက်ကုန်မတတ်ပင်။ နည်းပြဆရာ ဂရေဟာမ် သည် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည်။

"ဘုရားရေ၊ ဒီပွဲစကတည်းက မင်းတို့ တကယ်ပြေးတာ ဒီတစ်ခါပဲ

mgyoe.com

mgyoe.com
SAMPLE BOOK


ငါ တွေ့သေးတယ်”

ကျွန်တော်တို့က ဥမမည်စာမမြောက် ဟိုမရောက် သည်မရောက် ၁၁ နှစ်သားကလေးတွေ။ ကြောင်ပြီး မတ်တတ်ရပ်နေကြသည်။ ကျွန်တော်တို့ တစ်ယောက်ချင်းကို ဆွဲမပြီး လည်ကုပ်ချိုးပစ်မှာ ကြောက်လန့်နေကြသည်။

“ရေ... ဟုတ်လား” သူက ဟိန်းဟောက်သည်။ “မင်းတို့ကောင်တွေ ရေသောက်ချင်ကြတယ်ပေါ့လေ”

ရေပုံးကြီးကို မပြီး အထဲမှ ရေတွေ အားလုံးကို မြေပြင်ပေါ် သွန်ပစ်လိုက်တော့၏။

သူ ကျောခိုင်းထွက်သွားသည်ကို ကျွန်တော်တို့ ငေးကြည့်နေကြသည်။ သူ့လက်ထောက်တစ်ဦးအား တိုးတိုးကပ် ပြောသံကိုလည်း ကြားလိုက်ရသည်။

“နောက်တန်းလူတစ်စုကို မင်းတို့ ရေတိုက်နိုင်တယ်။ သူတို့ကစားတာ ကောင်းတယ်”

ယခု ကျွန်တော် ရှင်းရှင်းလင်းလင်း ပြောပါရစေ။ နည်းပြဆရာ ဂရေဟမ်သည် မည်သည့်ကလေးကိုမျှ ဘယ်တော့မျှ အန္တရာယ်ပြုမည်မဟုတ်။ သူက လေ့ကျင့်ရာမှာတော့ ပြင်းပြင်းထန်ထန် လေ့ကျင့်ခိုင်းသည်။ ထိုသို့ လုပ်ရခြင်း အကြောင်းရင်းတစ်ခုမှာ ‘ချွေးထွက်များမှ သွေးထွက်နည်းမည်’ ဆိုသည့်အတိုင်း ထိခိုက်ဒဏ်ရာရမှု လျော့နည်းစေရန် ဖြစ်၏။ ကျွန်တော်တို့ ကစားသည့်နေ့သည် ဘယ်လောက်ပဲ သွေးခဲလောက်အောင် အေးနေသည် ဖြစ်စေ ပထမပိုင်းအပြီးတွင် သောက်လို့ရအောင် ရေတစ်ပုံးတော့ ချပေးထားသည်သာ။ ကျွန်တော်တို့ကလည်း ပထမပိုင်းအပြီး နားချိန်ပေးသည်နှင့် ရေပုံးရှိရာသို့ အလုအယက် အပြေးအလွှားသွားကြသည်သာ။ ရေငတ်လွန်း၊ ရေမသောက်ရ မနေနိုင်လွန်းသောကြောင့်တော့မဟုတ်။ ကျွန်တော်တို့ကိုက ထိန်းမနိုင် သိမ်းမရ ဆိုးပေကလေးတွေ ဖြစ်နေသောကြောင့်ပါ။

သို့ဖြစ်သည့်တိုင် ကစားကွင်းထဲတွင် ယနေ့ မြင်တွေ့နေရသည့် ထိခိုက်မှုမျိုးတွေဖြစ်ပြီဆိုလျှင် ကွင်းစပ်မှ ကြည့်နေသည့် မိဘများက သူတို့၏ ဆယ်လူလာဖုန်းကို ကောက်ကိုင်တော့၏။ ပြီးတော့ အသင်းတာဝန်ခံ (သို့

mgyoe.com

mgyoe.com

SAMPLE BOOK


မဟုတ်) သူတို့ရှေ့နေကို လှမ်းဆက်တော့၏။

ယခုခေတ် ချာတိတ် တော်တော်များများသည် လူပေါ်ကြော့ကလေးတွေ ဖြစ်နေခြင်းကို ကြည့်ပြီး ကျွန်တော် တော်တော် စိတ်မကောင်းဖြစ်မိ၏။ ကျွန်တော်တို့ ရေပုံးသွန်အပစ်ခံရသည့်နေ့တုန်းက ကျွန်တော် ဘယ်လိုခံစားရသလဲဆိုတာ ပြန်စဉ်းစားကြည့်မိ၏။ မှန်ပါသည်။ ကျွန်တော် ရေဆာနေသည်။ သို့သော် ရေငတ်သည်ထက် ကျွန်တော် ရှက်နေသည်။ ကျွန်တော်တို့ နည်းပြဆရာ ဂရေဟမ်ကို အရှက်ကွဲစေခဲ့ပြီ။ သိက္ခာကျစေခဲ့ပြီ။ သူကလည်း ဒါကို ကျွန်တော်တို့ တသသ သတိရနေစေမည့် နည်းဖြင့် ထုတ်ဖော်ပြသခဲ့၏။ သူ မှန်ပါသည်။ ကျွန်တော်တို့ ပွဲကစားနေစဉ်တုန်းကထက် ရေပုံးဆီသို့အပြေးတွင် ပို၍ အားအင်တွေ စိုက်ထုတ်ခဲ့ကြသည်။ ထိုလုပ်ရပ်အတွက် ဆရာ့အကြိမ်းအမောင်းခံရတာက တစ်မျိုးပေါ့။ ဒုတိယပိုင်းတွင် ကျွန်တော်တို့ ကွင်းထဲဝင်သွားပြီး ရေကုန်ရေခန်း ကစားခဲ့ကြလေသည်။

ကျွန်တော် ဆယ်ကျော်သက်ရွယ်ဘဝကို ကျော်လွန်လာပြီးနောက်ပိုင်းတွင် ဆရာဂရေဟမ်နှင့် မတွေ့ဆုံဖြစ်တော့။ သို့သော် ခေါင်းထဲမှာ သူ့အကြောင်း မပြတ်ပေါ်ပေါ်လာ၏။ ကျွန်တော် ကစားကွင်းကို ကျောခိုင်းဖို့ စိတ်ကူးပေါက်တိုင်း ကျွန်တော့်ကို ပိုပြီး ကြမ်းကြမ်းမောင်းခဲ့သည်။ ပိုတော်လာအောင် အတင်းအကျပ် ပုံသွင်းခဲ့သည်။ သူက ကျွန်တော့်ကို အသက်ကယ်ကြိုး ပေးအပ်ခဲ့သည်လေ။

*

ကျွန်တော်တို့ ကလေးများအား အသင်းအဖွဲ့ဖြင့် ကစားရသည့် ကစားနည်းများ ကစားစေသောအခါ ဥပမာ ရပ်ဂ်ဘီ၊ ဘောလုံး၊ ရေကူး... ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်တော်တို့ အများစုသည် သူတို့ကလေးတွေ ကစားနည်းတစ်ခုချင်းစီ၏ ရှုပ်ထွေးလှသော အနုစိတ်ပညာများကို တတ်မြောက်စေချင်လွန်းလို့မဟုတ်။

သူတို့ကလေးတွေ တကယ်တမ်း သင်ယူ ဆည်းပူးစေလိုသည်မှာ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု၊ ဖွဲ့ခတ်ကြိုးစားမှု၊ အားကစားသမားစိတ်ဓာတ်ရှိမှု၊ ကျားကုတ်ကျားခဲ အလုပ်လုပ်ခြင်း၏တန်ဖိုး၊ အခက်အခဲ ဘေးဒုက္ခကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိခြင်းတို့ဖြစ်၏။ ထိုသို့တစ်ဆင့် သင်ယူခြင်းကို

mgyoe.com

mgyoe.com

SAMPLE BOOK


တချို့က 'ဟန်ရေးပြခြင်း' ဟု ခေါ်ကြသည်။

ဟန်ရေးပြခြင်း နှစ်မျိုးနှစ်စား ရှိပါသည်။ ပထမတစ်မျိုးမှာ တိုက်ရိုက် ဟန်ရေးပြခြင်းမျိုး။ ဘောလုံးကွင်းထဲတွင် ကစားသမားတစ်ဦး သူ့ဦးခေါင်း ကို တစ်ဖက်သို့ လှည့်လိုက်၏။ သည်တော့ သူ ထိုအရပ်ဘက်သို့ ပြေးလိမ့် မည်ဟု သင် ယူဆလိုက်၏။ ထို့နောက် သူက ဆန့်ကျင်ဘက်အရပ်သို့ ပြေးတော့၏။ ၎င်းအပြုအမူသည် မျက်လှည့်ဆရာက ပွဲကြည့်ပရိသတ် အား မဆိုင်သည့်ဘက်သို့ အာရုံလွှဲပေးသကဲ့သို့ ဖြစ်လေသည်။ ဆရာ ဂရေဟမ်က ကျွန်တော်တို့အား ပြောပြလေ့ရှိသည်မှာ တစ်ဖက်ကစားသမား ၏ ခါးကို ကြည့်ရသည်ဟူ၏။ "သူ့ချက်ဘယ်ဘက်ကို လှည့်သလဲ၊ အဲဒီ ဘက်ကို သူ့ကိုယ်ခန္ဓာ သွားတာပဲ" ဟု သူက ပြောပြလေသည်။

ဟန်ရေးပြခြင်း ဒုတိယအမျိုးအစားမှာ တကယ်အရေးပါ အရာရောက် သည့် လုပ်ငန်းစဉ်ဖြစ်၏။ လူတွေ တတ်သိနားလည်နေကြောင်း ကိုယ့် ဘာသာကိုပင်မသိဘဲ အလုပ်တစ်ခုကို လုပ်ကိုင်နေမိမှ မိမိ တတ်မြောက်နေ ပါကလားဟု သိလာရခြင်းမျိုး။ သင်သည် ဟန်ရေးပြ အထူး ကျွမ်းကျင်သူ တစ်ဦးဖြစ်လျှင် သင်၏ရင်တွင်း ရည်ရွယ်ချက်မှာ သင်က သင်ယူစေဆို သည့် အကြောင်းအရာများကို သူတို့ကလေးတွေ သင်ယူလာအောင် ကြံ ဆောင်ခြင်းပင် ဖြစ်တော့၏။

ဤဟန်ရေးပြသင်ယူနည်းသည် အလွန်အရေးပါ အရာရောက်လှပါ သည်။ ဤပညာကို ပို့ချပေးရာ၌ နည်းပြဆရာ ဂရေဟမ်သည် ဆရာကြီး တစ်ဆူ ဖြစ်ပါတော့သည်။

•

mgyoe.com

mgyoe.com SAMPLE BOOK

(၈)

## ကျွန်တော့်ကို 'V' အောက်တွင် သင်တွေ့ရလိမ့်မည်

ကျွန်တော်က ကွန်ပျူတာခေတ်တွင် ရှင်သန်ကြီးပြင်းလာပြီး သည်ကမ္ဘာတွင် နေရတာကို နှစ်သက်သည်။ မြတ်နိုးသည်။ ကွန်ပျူတာနှင့် ပတ်သက်သည့် ပစ္စည်းများဖြင့် ကျွန်တော် နပန်းလုံးနေခဲ့တာနှင့် သတင်းများဆိုင်ရာ မဟာလမ်းမကြီးပေါ်တွင် လျှောက်လှမ်းခဲ့တာ တော်တော်ကြာခဲ့ပြီ။

သို့ဖြစ်သည့်တိုင် ကျွန်တော်သည် ခြားနားသော ကမ္ဘာထဲတွင် ကြီးပြင်းခဲ့ရ၏။ ကျွန်တော့်ကို မွေးဖွားသည့် ၁၉၆၀ ပြည့်နှစ်တွင် အသိပညာတွေကို မှတ်တမ်းထားရာသည် စက္ကူများဖြစ်၏။ ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များ တစ်လျှောက်လုံးတွင် ကျွန်တော့်မိသားစုသည် ကမ္ဘာ့စွယ်စုံကျမ်းစာအုပ်ကို ဦးထိပ်ထားခဲ့ကြ၏။ ကွဲပြားခြားနားသော ကမ္ဘာ့နိုင်ငံအသီးသီး၏ ဓာတ်ပုံများ၊ ဆောင်ပုဒ်နှင့် ပင်လယ်ပြင်ထက် အမြင့်ပေများ စသည်များကို ကမ္ဘာ့စွယ်စုံကျမ်းစာအုပ်ထဲတွင် ကြည့်လို့ရသည်။

ကမ္ဘာ့စွယ်စုံကျမ်း အတွဲတိုင်းတွင် ပါဝင်သည့် စကားလုံးတိုင်းကို ကျွန်တော် မဖတ်ပါ။ သို့ပေမဲ့ တစေ့တစောင်းတော့ ကြည့်သည်။ သည်အကြောင်းအရာတွေအားလုံး တစုတစည်းတည်း ဖြစ်လာတာကို ကျွန်တော် တော်တော်သဘောကျနေသည်။ အာ့ဒ်ဗာ့ခ် (တောင်အာဖရိကရှိ နှာခေါင်းရှည်ရှည် အကောင်တစ်မျိုး။ ပိုးမွှားများကို စားသည်။ ။ မြန်မာပြန်သူ) ဆိုသည့်ကဏ္ဍကို ဘယ်သူများ တာဝန်ယူ ရေးသားပြုစုပါလိမ့်။ ကမ္ဘာ့စွယ်စုံ

mgyoe.com

mgyoe.com


ကျမ်း အယ်ဒီတာများက သည်လိုနဲ့စပ်ကျွမ်းကျင်သူများကို ဘယ်လို ရှာဖွေကြပါလိမ့်။ "အာ့ဒ်ဗာ့ခ်တွေ (aard-varks) အကြောင်း လူတကာ ထက် ခင်ဗျားက ပိုသိတယ်။ ကျွန်တော်တို့ စာအုပ်ထဲမှာ အဲဒီအပိုင်းကို ရေးပေးမလား" ဟု မေးကြပေမည်။ နောက်တော့ Z ခေါင်းစဉ် ရောက်လာ သည်။ သည်အပိုင်းကို ရေးရလောက်အောင် ဇူးလူး (Zulu) လူမျိုးတွေ ကြောင်း နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် သိနေသူက ဘယ်သူလဲ။ သူ သို့မဟုတ် သူမကိုယ်တိုင်က ဇူးလူးလူမျိုး ဖြစ်နေလေသလား။

ကျွန်တော့်မိဘများက ရိုးရိုးစင်းစင်း နေထိုင်တတ်သူတွေ။ အမေရိကန် တော်တော်များများနှင့်မတူ။ သူတို့ကို လူအထင်ကြီးစေဖို့အတွက် ဘယ်လို ပစ္စည်းကိုမျှမဝယ်။ (သို့မဟုတ်) သူတို့ဖိမ်ခံဖို့ ဘယ်လိုပစ္စည်းမျိုးမျှမဝယ်။ သို့သော် ကမ္ဘာ့စွယ်စုံကျမ်း စာအုပ်ကိုမူ ပျော်ပျော်ကြီးဝယ်သည်။ ထိုစဉ်က ငွေကြေးတန်ဖိုးဖြင့်ဆိုလျှင် တော်တော်ဈေးကြီးသည့်ပစ္စည်း။ အဘယ် ကြောင့်ဆိုသော် ထိုသို့ဝယ်လိုက်ခြင်းသည် ကျွန်တော်တို့မောင်နှမကို ပညာ လက်ဆောင်ပေးရာ ရောက်သောကြောင့် ဖြစ်၏။

သူတို့က တစ်နှစ်တစ်ကြိမ် ထုတ်သည့်စာအုပ်များကိုလည်း ဝယ်သည်။ တစ်နှစ်တစ်ကြိမ် ထုတ်ဝေသည့် ၎င်းစာအုပ်များထဲတွင် တစ်နှစ်အတွင်း ဖြစ်ပျက်ခဲ့သည့်ဖြစ်စဉ်များ၊ ထူးဆန်းထွေလာသတင်းများကို ဖော်ပြသည်။ စာအုပ်ကြီးများတွင် ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ ဟူ၍ နှစ် အလိုက် ရေးထိုးထားသည်။ အဆိုပါ နှစ်စဉ်ထုတ်စာအုပ်များတွင် ကပ်လို့ရအောင် အနေတော် ဖြတ်ထားသည့် စာရွက်ကလေးများပါသည်။ ၎င်းစာရွက် ကလေးများပေါ်တွင် အညွှန်းများ ဖော်ပြထား၏။ ကျွန်တော်က ၎င်းစာရွက် ကလေးများကို သက်ဆိုင်ရာ စာမျက်နှာများပေါ်တွင် ကပ်သည်။ သည် တာဝန်ကို ကျွန်တော် နှစ်စဉ်ထုတ် စာအုပ်များတွင် ဖော်ပြသည့်အကြောင်း များကို စွယ်စုံကျမ်းတွင် ရှာဖတ်လို့ရအောင် စူးစူးစိုက်စိုက်ဆောင်ရွက်သည်။ နောင်တစ်ချိန်မှာ သမိုင်းမှတ်တမ်းနှင့် သိပ္ပံမှတ်တမ်းများ ဖတ်ရှုလိုသူ ဘယ်သူတစ်ဦးတစ်ယောက်အတွက်မဆို အကူအညီရအောင် ဆောင်ရွက် ပေးရာ ရောက်ပါသည်။

ကမ္ဘာ့စွယ်စုံကျမ်းကို ကျွန်တော် ဘယ်လောက်နှစ်သက်မြတ်နိုးသလဲ

mgyoe.com

mgyoe.com
SAMPLE BOOK


ဆို ကျွန်တော့်ကလေးဘဝ အိပ်မက်များထဲမှတစ်ခုမှာ စွယ်စုံကျမ်းထဲမှ အကြောင်းအရာတစ်ခုကို ရေးသားပြုစုသူတစ်ဦး ဖြစ်လိုခြင်းပင်။ သို့ပေမဲ့ ချီကာဂိုရှိ ကမ္ဘာ့စွယ်စုံကျမ်းရုံးချုပ်သို့ တယ်လီဖုန်းဆက်ပြီး အကြောင်းအရာ တစ်ခု ရေးသားပြုစုလိုကြောင်း တောင်းဆိုလို့မရ။ သည်ကိစ္စက သည်လိုမျိုး လုပ်လို့ရစကောင်းသည့် အရာမဟုတ်။ စွယ်စုံကျမ်းအယ်ဒီတာများက သင့်ကို ရှာဖွေလိမ့်မည်။

ယုံချင်ယုံ မယုံချင်နေ၊ လွန်ခဲ့သည့်နှစ် အနည်းငယ်တုန်းကတော့ ကျွန်တော့်ထံ တယ်လီဖုန်းဆက်ကြသည်။

ထိုအချိန်တွင် ကျွန်တော့်ဝမ်းကျောင်းလုပ်ငန်းက တစ်နည်းတစ်ဖုံအား ဖြင့် ကျွန်တော့်ကို ပံ့သွင်းပေးခဲ့သည်မှာ ကမ္ဘာ့စွယ်စုံကျမ်း အယ်ဒီတာတွေ ကျွန်တော့်ကို မျက်စိကျလောက်အောင် ဖြစ်နေ၏။ ပကတိနီးပါးဆိုသည့် အကြောင်းအရာနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အကျွမ်းကျင် အနံ့စပ်ဆုံး ကျွမ်းကျင်သူဟု ကျွန်တော့်ကို သူတို့မသတ်မှတ်။ တကယ်ကျွမ်းကျင်သူက အလုပ်များလွန်းသည်။ ချဉ်းကပ်ဖို့မလွယ်။ သို့သော် ကျွန်တော်ကတော့ အလယ်အလတ်တန်းအဆင့်ရှိသူ။ လေးစားလောက်သည်။ သို့ပေမဲ့ သူတို့၏ ကမ်းလှမ်းချက်ကို ပယ်ချလောက်အောင်လည်း အောင်မြင်ကျော်ကြား သူမဟုတ်။

“ပကတိနီးပါးဆိုတဲ့ အကြောင်းအရာအသစ်ကို ကျွန်တော်တို့ရဲ့ စာအုပ် မှာ ဆရာ ရေးပေးနိုင်မလား” ဟု သူတို့က မေးသည်။

ဤကမ်းလှမ်းချက်ကို ကျွန်တော် တစ်သက်လုံး စောင့်မျှော်နေခဲ့ကြောင်း သူတို့ကို ပြောပြလို့မဖြစ်။ ကျွန်တော် ပြောနိုင်သည့်စကားမှာ “ရတယ်လေ၊ ရေးတာပေါ့” ဆိုတာလောက်သာ။ ထိုအကြောင်းအရာကို ကျွန်တော် ရေး ပေးလိုက်သည်။ ကျွန်တော့်ရေးချက်နှင့်အတူ ပကတိအရှိတရား ကွန်ပျူတာ ပုံရိပ်များကြည့်ရန် မိုက်ခွက်ပါ နားကြပ်တပ်ဆင်ထားသည့် ကျွန်တော့် တပည့် ကိတ်လင်ကယ်လဟာ၏ ဓာတ်ပုံကိုပါ ပူးတွဲပေးလိုက်၏။

ကျွန်တော် ဘာတွေ ရေးထားသလဲဆိုတာ ဘယ်အယ်ဒီတာကမျှ မမေး။ သို့သော် ဤကျင့်စဉ်သည် ကမ္ဘာ့စွယ်စုံကျမ်း၏ ကျင့်စဉ်ဖြစ်မည်ဟု ကျွန်တော် မှတ်ယူလိုက်၏။ သူတို့ ကျွမ်းကျင်သူတစ်ဦးကိုရွေးသည်။ မိမိ

mgyoe.com

mgyoe.com  SAMPLE BOOK 

ရသည့် အခွင့်အရေးကို ၎င်းကျွမ်းကျင်သူက အလွဲသုံးစား လုပ်လိမ့်မည် မဟုတ်ဟု သူတို့ ယုံကြည်ထားသည်။

ကမ္ဘာ့စွယ်စုံကျမ်း နောက်ဆုံးအတွဲကို ကျွန်တော် မဝယ်ရသေး။ တကယ်တော့ စွယ်စုံကျမ်းထဲတွင် ပါဝင် ရေးသားဖို့ အရွေးခံရသည့် စာရေးသူတစ်ဦးအနေဖြင့် ၎င်းစွယ်စုံကျမ်းများသည် သတင်းအချက်အလက် ရယူစုဆောင်းဖို့ အကောင်းဆုံးဇာစ်မြစ်ဖြစ်သည်ဟု ယုံကြည်မိ၏။ အဘယ်ကြောင့်ဆိုသော် ရေးသားသူများ၏ အရည်အချင်းကို အထပ်ထပ် အခါခါ စစ်ဆေးထားပြီးသောကြောင့်ပင်။

သို့သော် တစ်ခါတစ်ခါ ကျွန်တော့် သားသမီးများနှင့်အတူ စာကြည့်တိုက်ထဲ ရောက်သွားသောအခါ အဆိုပါစာအုပ်ကို မလှန်ကြည့်ဘဲ မနေနိုင်။ နောက်ပြီး 'V' အက္ခရာရှိ Virtual Reality အကြောင်း ကြည့်ဖြစ်အောင် ကြည့်သည်။ ပြီးတော့ သားသမီးများကို ကြည့်စေသည်။ သူတို့ ဖေဖေကြီး ရေးခဲ့သည့် အကြောင်းအရာပေါ့။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၉)

## ခေါင်းဆောင်မှုမည်သော အရည်အချင်းစု

ကျွန်တော်သည် ၁၉၆၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည့် မရေမတွက်နိုင်သော အမေရိကန်ကလေးများနည်းတူ ကွန်ပျူတာသရဲတစ်ဦးဖြစ်ခဲ့၏။ ထို့ကြောင့် ကလေးဘဝ အိပ်မက်များထဲတွင် *အင်တာပရိုက်စ်* အာကာသယာဉ်မှူး ကပ္ပတိန် ဂျိမ်းတီကာ့ခ် ဖြစ်လိုတာတစ်ခုလည်း ပါဝင်၏။ ကျွန်တော့်ကိုယ် ကျွန်တော် ကပ္ပတိန်ပေါ့ရှိရယ်လို့တော့ မမြင်ခဲ့ပါ။ ကျွန်တော် ကပ္ပတိန်ကာ့ခ် တကယ်ဖြစ်နိုင်မည့် ကမ္ဘာတွင် နေထိုင်ဖို့သာ စိတ်ကူးပုံရိပ်ဖော်ကြည့်ခဲ့ပါသည်။

သိပ္ပံပညာ ဝါသနာပါပြီး ရည်ရွယ်ချက်မြင့်မားသည့် လူငယ်များအနေဖြင့် *စတားထရက်ခ်* ရုပ်ရှင်ထဲမှ ဂျိမ်းစ်တီကာ့ခ်ထက်ပိုပြီး စံနမူနာထားထိုက်သူ ရှိတော့မည်မဟုတ်။ ပြောရမည်ဆိုလျှင် *အင်တာပရိုက်စ်* အာကာသယာဉ်ကြီးကို ကာ့ခ် ဦးစီးပဲ့ကိုင်ပုံကိုကြည့်ပြီး ကျွန်တော် ပိုမို ထွန်းတောက်သော ကျောင်းဆရာတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦး၊ ပိုမိုသင့်မြတ်သော ခင်ပွန်းသည်တစ်ဦးပင် ဖြစ်လာသည်ဟု နှစ်နှစ်ကာကာ ယုံကြည်ခဲ့ပါသည်။

ထိုအကြောင်း စဉ်းစားကြည့်ပါ။ သင် တီဗွီဇာတ်ကားကို ကြည့်ဖူးလျှင် အာကာသယာဉ်ပေါ်တွင် ကာ့ခ်သည် အတော်ဆုံးလူတစ်ယောက်မဟုတ်ကြောင်း သင်သိပါမည်။ သူ၏ လက်ထောက်အရာရှိ မစ္စတာစပေါ့ခ်သည် ယာဉ်တစ်စီးလုံးတွင် ကျိုးကြောင်း ဆင်ခြင်ဉာဏ် အမြဲသုံးတတ်သူဖြစ်၏။

mgyoe.com

mgyoe.com

ဒေါက်တာမက်ကွိုင်းကတော့ သက္ကရာဇ် ၂၂၆၀ ပြည့်နှစ်တွင် လူသားမျိုးနွယ်တွေ လက်လှမ်းမီသရွေ့ ဆေးပညာကို အကုန်အစင် တတ်မြောက်ထားသူ။ စကော့တီသည် တခြားဂြိုဟ်သားများက တိုက်ခိုက်နေသည့်တိုင် မိမိတို့ယာဉ်ကြီး ဖြောင့်ဖြောင့်တန်းတန်း ပျံသန်းနေနိုင်အောင် တတ်ကျွမ်းသည့် အင်ဂျင်နီယာချုပ်။

သည်တော့ ကာ့ခ်၏ စွမ်းရည်စုက ဘာတွေလဲ။ *အင်တာပရိုက်စ်* အာကာသယာဉ်ပေါ် ရောက်အောင်တက်နိုင်ပြီး ၎င်းယာဉ်ကြီးကို ဦးစီးပဲ့ကိုင်နိုင်သည်မှာ ဘာကြောင့်လဲ။

အဖြေမှာ သူ့တွင် 'ခေါင်းဆောင်မှု' မည်သော အရည်အချင်းစုရှိသောကြောင့်ဖြစ်၏။

သည်လူကြီး လှုပ်လှုပ်ရှားရှား လုပ်နေတာတွေကြည့်ပြီး ကျွန်တော် အများကြီး ပညာရခဲ့ပါသည်။ သူသည် တက်ကြွလှုပ်ရှားသည့် မန်နေဂျာတစ်ဦး၊ အခြားလူများအား မည်သို့မည်ပုံ တာဝန်ခွဲဝေပေးရမည်ကို သိသူတစ်ဦး၊ အတုယူအားကျစိတ်ရှိသူ၊ နောက်ပြီး လုပ်ငန်းခွင်တွင် ဘယ်လိုပဲဝတ်ဆင်ထားသည်ဖြစ်စေ ကြည့်ကောင်းနေသူ... ဒါတွေအားလုံး ရောကျိုလိုက်လျှင် ကာ့ခ်ဟူ၍ ဖြစ်လာပါသည်။ သူသည် သူ့လက်အောက်ငယ်သားများထက် သာလွန်သော စွမ်းရည်ရှိသည်ဟု ဘယ်တုန်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိ။ သူ့လက်အောက်ငယ်သားများသည် သူတို့နှင့်ဆိုင်သည့် အလုပ်များကို နိုင်နိုင်နင်းနင်း လုပ်နိုင်ကြောင်း သူက အသိအမှတ်ပြုသည်။ သို့သော် သူက အနာဂတ်အလားအလာနှင့် အနေအထားကို မျှော်တွေးတည်ထောင်သည်။ သူသည် စိတ်ဓာတ်ရေးရာပိုင်းတွင် ဦးစီးခေါင်းဆောင်ဖြစ်၏။ ထိုအရာတွေထက် သာလွန်သည့်အချက်မှာ သူတို့ရောက်သွားသည့် ဂြိုဟ် ဘယ်ဂြိုဟ်မှ မိန်းမများကိုမဆို အစွဲထုတ်နိုင်စွမ်းရှိခြင်း ဖြစ်၏။

မျက်မှန်တပ်ထားသည့် ၁၀ နှစ်သားကလေးတစ်ဦး သူ့အိမ်တွင် ရုပ်မြင်သံကြား ထိုင်ကြည့်နေပုံကို ပုံဖော်ကြည့်ပါ။ တီဗွီဖန်သားပြင်ပေါ်တွင် ကာ့ခ်၏ ပုံရိပ်ပေါ်လာတိုင်း ချာတိတ်၏စိတ်ထဲတွင် ဂရိနတ်ဘုရားတစ်ပါးကို တွေ့နေရသည်သို့ ရှိလေသည်။

နောက်ပြီး သူ့အသုံးအဆောင်ပစ္စည်းတွေက အပြတ် သားနားသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


သူသည် ဂြိုဟ်တစ်ခုခုပေါ်တွင် သူသုံးသည့် *စကားထရက်ခ်* ဆက်သွယ်ရေး ကိရိယာကလေးမှာ သွားရည်ယိုချင်စရာကလေး။ သူက ၎င်းကိရိယာ ကလေးဖြင့် အာကာသယာဉ်ပေါ်မှာ ကျန်ခဲ့သည့် သူ့လူများနှင့် စကားပြော နိုင်သည်လေ။ ယခုတော့ ထိုအရာမျိုးကလေးတစ်ခု ကျွန်တော့်အိတ်ထဲ ထည့်ပြီး လှည့်ပတ်သွားလာနေပြီ။ ကျွန်တော်တို့ကို ဆဲလ်ဖုန်းနှင့် မိတ်ဆက် ပေးခဲ့သူမှာ ကာ့ခ်ဖြစ်ကြောင်း ဘယ်သူအမှတ်ရပါသေးသလဲ။

လွန်ခဲ့သည့်နှစ် အနည်းငယ်တုန်းက (ကျွန်တော့် ဆက်သွယ်ရေးကိရိ ယာကလေးပေါ်တွင်) ခေါ်သံတစ်ခု ဝင်လာသည်။ ဆက်သွယ်သူမှာ ပစ် ဘာ့ဂ်မှ စာရေးဆရာ ချစ်ဝေါ်လ်တာ ဆိုသူ ဖြစ်၏။ သူက သိပ္ပံပညာပိုင်း ဆိုင်ရာ ထိုးဖောက်အောင်မြင်မှုများသည် *စကားထရက်ခ်* ပေါ်တွင် ဦးစွာ စိတ်ကူးပုံရိပ် ဖော်ခဲ့ကြသည်ဆိုသည့်အကြောင်းကို အခြားစာရေးဆရာ ဝီလျံရှက်တ်နာ (ကာ့ခ် ဟုလည်း သိထားသူ) နှင့် တွဲဖက်ပြီး စာအုပ်တစ်အုပ် ရေးနေသည်။ ယနေ့ သိပ္ပံနည်းပညာ တိုးတက်မှုများသည် *စကားထရက်ခ်* မှ ပစ္စည်းများကို အတုယူ တီထွင်ခဲ့ကြောင်း ဖော်ပြလိုရင်းဖြစ်၏။ ယခု ၎င်းစာအုပ်ကို ပူးတွဲရေးသားသည့် ကပ္ပတိန်ကာ့ခ်က ကာနက်ဂျီ မယ်လွန် တက္ကသိုလ်ရှိ ကျွန်တော်၏ ပကတိနီးပါး လက်တွေ့ပြုလုပ်ခန်းသို့ လာလည် ချင်ပါသည်ဟု ပြောနေပါပြီကော။

ကဲ၊ ဘာပြောဦးမလဲ။ ကျွန်တော့်ကလေးဘဝ အိပ်မက်ကိုက ကပ္ပတိန် ကာ့ခ်ဖြစ်ဖို့လေ။ သို့သော် ရှက်တ်နာကို မြင်တွေ့လိုက်ရတော့လည်း ကျွန်တော့် အိပ်မက်တစ်ခု လက်တွေ့ရုပ်လုံး ပေါ်လာခြင်းဟုပင် ထင်မြင် နေဆဲဖြစ်၏။ ငယ်ဘဝကတည်းက အထင်ကြီး ကိုးကွယ်ခဲ့သူတစ်ဦးကို နဖူးတွေ့၊ ဒူးတွေ့ တွေ့ရသည်မှာ အရမ်းမိုက်သည်။ နောက်ပြီး မိမိကိုးကွယ် သူက မိမိ ဖန်တီးထားသည့် အလုပ်ခန်းသို့လာပြီး မိမိ၏ ခပ်မိုက်မိုက် လက်ရာကို လာကြည့်တာဆိုတော့ ပိုပြီးမိုက်သွားတာပေါ့။

ကျွန်တော့်တပည့်များနှင့် ကျွန်တော် *အင်တာပရိုက်စ်* တက်မစင်အခန်း နှင့် ပကတိနီးပါးတူသည့် ပုံရိပ်တွေ တည်ဆောက်ဖို့ ၂၄ နာရီပတ်လုံး ကြိုးစားအားထုတ်ကြသည်။ ရှက်တ်နာ ရောက်လာသောအခါ ဖောင်း ဖောင်းကားကား ခေါင်းဆောင်းကြီး သူ့ဦးခေါင်းပေါ်တွင် တပ်ဆင်ပေးသည်။

m g y o e . c o m

mgyoe.com
SAMPLE BOOK


၎င်းခေါင်းဆောင်းကြီးထဲတွင် ဖန်သားပြင်ရှိသည်။ သူ့ဦးခေါင်း လှည့်လိုက်သည်နှင့် သူ၏ အာကာသယာဉ်ဟောင်းကြီး၏ အတွင်းပိုင်းပုံရိပ်များကို ၃၆၀ ဒီဂရီ မြင်ရတော့၏။ "ဟား... ခင်ဗျားတို့မှာ တာဗိုတံခါးတွေတောင် ရှိပါလား ဟ" ဟု သူက မှတ်ချက်ချသည်။ သူ့အံ့အားသင့်စရာတစ်ခု ကျွန်တော်တို့မှာ ရှိပါသေးသည်။ မိုးနီလင်းပြီး အော်မြည်သည့် အချက်ပေး ဥသြသံ။ ထိုအသံကို ကြားရသောအခါ တစ်စက္ကန့်မျှ တုံ့ဆိုင်းခြင်းမရှိဘဲ သူက ဟစ်အော်လိုက်သည်မှာ "ရန်သူတွေ အလစ်ဝင်တိုက်ပြီ" ဟူ၏။

ကျွန်တော်တို့၏ ပကတိနီးပါး အာကာသယာဉ်ကြီးပေါ်တွင် ရက်တ်နာ ၃ နာရီမျှ နေထိုင်သွားသည်။ မေးလိုက်သည့် မေးခွန်းတွေကလည်း ထောင်ပေါင်းများစွာ ရှိမည်လားထင်ရသည်။ "ဒီလူကြီးက တစ်မေးတည်း မေးနေတာပဲနော်။ ငါတို့လုပ်ထားတာကို သူ သိပ်အထာပေါက်ပုံ မရဘူးကွ" နောက်ပိုင်းတွင် ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြောသည်။

သို့သော် ကျွန်တော်ကတော့ ကာ့ခ်ကို အကြီးအကျယ် အထင်ကြီးသွားပြီး ရက်တ်နာဆိုသည့် ကာ့ခ်က သူ မသိတာတွေကို မသိဘူးဟု လိုလိုလားလား ဝန်ခံတတ်သူ လူစားတွေထဲတွင်မှ တုန္ရိုင်းမဲ့ စံပြုထိုက်သူ။ နောက်ပြီး သူ မသိတာတွေကို သိမလာမချင်း ထပြန်လိုသူမျိုးမဟုတ်။ ဤကား ကျွန်တော့်အတွက် စံပြလုပ်ရပ်ပါတည်း။ ဘွဲ့ရ စာသင်သားတိုင်း ဤစိတ်သဘောထားမျိုး မွေးကြလျှင် ကောင်းလေစွဟု ကျွန်တော် ဆန္ဒပြုမိ၏။

ကျွန်တော် ကင်ဆာရောဂါ ကုသနေစဉ်အတွင်း ပန်ကရိယ ကင်ဆာရောဂါ ခံစားရသူတွေထဲမှ လေးရာခိုင်နှုန်းမျှသာ ငါးနှစ်အထိ အသက်ရှင်နေထိုင်ခွင့်ရသည်ဟု ကျွန်တော့်ကို ပြောပြကြသည်။ ထိုအခါ *စတားထရက်ခ်* ရုပ်ရှင်တစ်ကားဖြစ်သည့် The Wrath of Khan ထဲမှ စကားတစ်ကြောင်းကို သတိရမိ၏။ ရုပ်ရှင်ထဲတွင် ကြယ်တာရာ ခရီးသည်လောင်းများအား သင်တန်းပေးရာ၌ သူတို့ကို အခြေအနေတစ်ရပ် ဖန်တီးပေးထားသည်။ ၎င်းအခြေအနေအရဆိုလျှင် သူတို့ ဘာတွေဘယ်လောက်ပဲ ကြိုးစားအားထုတ်သည်ဖြစ်စေ သူတို့တစ်ဖွဲ့လုံး အသက်သေကြရမည်။ ရုပ်ရှင်ကပေးသည့် အာဘော်မှာ ကာ့ခ်က ၎င်းအခြေအနေမျိုး ဖန်တီးပေးခြင်းသည် "အနိုင်မရဘူးဆိုသည့် မှန်းဆချက်ကို သူ မယုံ" သောကြောင့်ဖြစ်သည်

mgyoe.com

m gyoe.co m

SAMPLE BOOK


ဟူ၏။

နှစ်ကာလများစွာအတွင်း ခေတ်ဆန်လှသော ကျွန်တော့် လုပ်ဖော်ကိုင်ဖက် ငရှုပ်များက ကျွန်တော်၏ *စတားထရက်ခ်* အရှုံးအမှုး စွဲလမ်းမှုကို စပ်စုကြသည်။ တီးခေါက်ကြသည်။ သို့သော် ချီကတည်းက ယဉ်သကို ဆိုသလို ကျွန်တော့်အား တစ်ချက်မျှ အကောင်းမပြောခဲ့ကြပါချေ။

ကျွန်တော် ခံစားနေရသည့် ရောဂါအကြောင်း ရှက်တိန်နှာ သိသွားပြီး သောအခါ သူ့ကိုယ်သူ ကာ့ခ်ပုံစံဖြင့် ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံ ပို့ပေးလိုက်၏။ ဓာတ်ပုံပေါ်တွင် ရေးထားသည့်စာကြောင်းမှာ "အနိုင်မရဘူးဆိုတဲ့ မှန်းဆချက်ကို ကျုပ် မယုံဘူး" ဟူ၏။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၁၀)

## ဆုကြီးရခြင်း

ကျွန်တော်၏ အစောဆုံး ငယ်ဘဝအိပ်မက်ထဲမှ တစ်ခုမှာ ကျွန်တော် ရောက်သွားသည့် အပန်းဖြေဉယျာဉ် (သို့မဟုတ်) ပျော်ပွဲရွှင်ပွဲတစ်ခုတွင် လူအများအာရုံစိုက်ခံရသည့် အသားနားဆုံး လူတစ်ဦးဖြစ်ရေးပင်။ ထိုသို့ အမိုက်ဆုံးလူတစ်ဦးအဖြစ် ခံယူရအောင် ဘယ်လိုလုပ်ရမည်ဆိုသည်ကို ကျွန်တော်တိတိကျကျကြီးကို သိနေခဲ့သည်။

အမိုက်ဆုံး ငတိတစ်ယောက်ကို ကွင်းခနဲ ကွက်ခနဲ တွေ့မြင်ဖို့ လွယ်ပါသည်။ ထိုသူကား အကြီးမားဆုံး အဆာသွတ် တိရစ္ဆာန်ရုပ်ကြီး ပိုက်ပြီးကွင်းထဲ လှည့်ပတ်သွားနေသူဖြစ်၏။ ဟိုးခပ်လှမ်းလှမ်းဆီတွင် သူ့ဦးခေါင်းနှင့် ကိုယ်ခန္ဓာ အစိတ်အပိုင်း အများစုသည် ရောမ အဆာသွတ်တိရစ္ဆာန်ရုပ်ကြီးနောက်တွင် မြုပ်ကွယ်နေသူတစ်ဦးတစ်ယောက်အား ကျွန်တော်ကလေးဘဝတုန်းက တွေ့ခဲ့၊ မြင်ခဲ့ဖူး၏။ သူ ရလာသည့် အကောင်သည်ဘယ်လိုအကောင်မျိုးလဲဆိုတာ အကြောင်းမဟုတ်။ ဆု ရလာသည့် သူကိုယ်တိုင်ကလည်း ဘယ်လိုကောင်စားကလေးလဲဆိုတာ အဓိကမဟုတ်။ အဓိကမှာ သူ ရလာသည့်ဆုသည် အကြီးဆုံးအဆာသွတ် တိရစ္ဆာန်တစ်ကောင်ဖြစ်ရမည်။ သို့ဆိုလျှင် သည်ငနဲသည် ၎င်းပျော်ပွဲရွှင်ပွဲတွင် အမိုက်ဆုံးငနဲ ဖြစ်သွားပြီ။

ဖေဖေကလည်း သည်လိုပဲယုံကြည်သည်။ ဖဲရစ် ချားရဟတ်ကြီး စီးနေ

mgyoe.com

m g y o e . c o m

SAMPLE BOOK


စဉ် သူ့ထံတွင် လတ်လတ်ဆတ်ဆတ် ဆုရလာသည့် ဝက်ဝံရုပ်ကြီး မပါလျှင် ရဟတ်ပေါ်တွင် ကိုယ်လုံးတီး စီးလာရသည်သို့ ခံစားရသည်ဆို၏။ ကျွန်တော်တို့ မိသားစုတွင်း ပြိုင်ဆိုင်မှုရှိသည်ဖြစ်ရာ လမ်းခုလတ် ကစားပွဲများသည် ကျွန်တော်တို့အတွက် စစ်ပွဲတစ်ပွဲနှယ် ဖြစ်လာတော့၏။ ကျွန်တော်တို့အထဲမှ ဘယ်သူက အဆာသွတ်တိရစ္ဆာန်လောကမှ အကြီးဆုံးအကောင်ကို ဆွတ်ခူးရရှိမည်လဲ။

ကြီးမားသော အဆာသွတ် တိရစ္ဆာန်ကြီး တစ်ကောင်ကို ပွေ့ဖက်ပြီး ပျော်ပွဲရွှင်ပွဲတစ်ခုထဲ သင် လှည့်ပတ်သွားလာဖူးပါသလား။ သင့်ကို လူအများက ဝိုင်းကြည့်ပြီး အားကျမနာလိုဖြစ်ကြသည်ကိုကော သင် သတိထားမိဖူးပါသလား။ သင့်တစ်သက်တွင် အဆာသွတ်တိရစ္ဆာန်တစ်ကောင်ကို ခုတုံးလုပ်ပြီး မိန်းမ ပိုးခဲ့ဖူးပါသလား။ ကျွန်တော်ကတော့ ပိုးခဲ့ဖူးသည်... နောက်ပြီး သူမကို လက်ထပ်ခဲ့သည်။

ဧရာမ အဆာသွတ် သတ္တဝါကြီးများသည် ကျွန်တော့်ဘဝ ကနဦးပိုင်းကတည်းက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ မှတ်မှတ်ရရ တစ်ချိန်ကို ပြောရလျှင် ကျွန်တော်က သုံးနှစ်သား၊ ကျွန်တော့်အစ်မက ငါးနှစ်သမီးအရွယ်တွင် ကျွန်တော်တို့မိသားစု ကုန်ပဒေသာတိုက်ကြီး ကလေးကစားစရာအရုပ် အရောင်းဌာနထဲမှာ ရှိနေသည်။ ကျွန်တော်တို့မောင်နှမ စိတ်ကြိုက်ရွေးပြီး အတူကစားလို့ရသည့် အရုပ်တစ်ခုဝယ်ပေးမည်ဟု ဖေဖေက ပြောသည်။ ကျွန်တော်တို့ လှည့်ကာပတ်ကာ အရုပ် ရှာကြသည်။ နောက်ဆုံး အမြင့်ဆုံးစင်ပေါ်တွင် ဧရာမယုန်ကြီးတစ်ကောင်ကို တွေ့ကြသည်။

"သမီးတို့ အဲဒီအကောင်ကြီး ယူမယ်" ဟု အစ်မက ပြောသည်။ ၎င်းအရုပ်ကြီးသည် ကလေးကစားစရာ အရောင်းဌာနတွင် ဈေးအကြီးဆုံးဖြစ်နိုင်သည်။ သို့ပေမဲ့ ဖေဖေက ကတိတည်သူ။ သည်တော့ ထိုအရုပ်ကြီးကို ကျွန်တော်တို့မောင်နှမအတွက် ဝယ်ပေးသည်။ သည်လိုအရုပ်ကြီးဝယ်ပေးရတာ တန်သည်ဟု ဖေဖေတွက်ဖို့ အလားအလာ များသည်။ အိမ်တစ်အိမ်တွင် သည်လိုအရုပ်ကြီးမျိုး နောက်တစ်ခုတိုးလာလျှင် အိမ်တွင် ကျက်သရေပင် တိုးလာသေး။

ကျွန်တော် ကြီးကောင်ဝင်လာပြီး ပို၍ပို၍ ကြီးမားသော အဆာသွတ်

m g y o e . c o m

mgyoe.com
SAMPLE BOOK

တိရစ္ဆာန်ရုပ်ကြီးများဖြင့် ဟန်ရေးပြတာ များလာတော့ ဖေဖေက မသင်္ကာဖြစ်လာသည်။ ကျွန်တော် အကြွားသန်ဖို့ သည်အရုပ်ကြီးတွေ ပိုက်ဆံ အကုန်ခံပြီး ဝယ်ခဲ့လေသလားပေါ့။ ကျွန်တော်သည် ကစားကွင်းတစ်ခုခု နံဘေးမှာ ကပ်ပြီး စောင့်နေမည်။ ကစားပွဲတွင် ဆုရသူတစ်ဦးဦးထံမှ ဇရာမအရုပ်ကြီးကို ဒေါ်လာ ၅၀ လောက် ပေးပြီး ဝယ်မည်။ အဆိုပါ ဇရာမအရုပ်ကြီးများက သင့်အပေါ်ထားရှိသည့် ပတ်ဝန်းကျင်အမြင်ကို ပြောင်းလဲစေကြောင်း သိသည့် ဆုရသူက ဒေါ်လာ ၅၀ တောင် ရတာဆိုတော့ လိုလိုချင်ချင် ရောင်းခဲ့လိမ့်မည်ဟု ဖေဖေက မှတ်ယူသည်။ သို့သော် အဆာသွတ်အကောင်ကြီးတစ်ကောင်အတွက် ကျွန်တော် တစ်ကြိမ်တစ်ခါမျှ ပိုက်ဆံမပေးခဲ့ရဖူးပါ။

နောက်တစ်ခုက ကျွန်တော် ဘယ်တုန်းကမျှ ဟန်ဆောင်ခြင်း၊ လိမ်ညာခြင်းမပြုခဲ့။

ဟုတ်ကဲ့၊ ကျွန်တော်က အမှိုက်ပြုခဲ့သည်။ ကြိမ်ကွင်းပစ် ကစားနည်းတွင် တစ်စုံတစ်ခုကို အမှိုက်ပြု အားထားနည်း တစ်နည်းသာ ရှိ၏။ ထိုသို့ မလုပ်လျှင် သင် အောင်နိုင်မည်မဟုတ်။ ကျွန်တော်က အမှိုက်ပြုသူတစ်ဦး ဖြစ်သည်။ သို့သော် လိမ်ညာသူတော့မဟုတ်။

သို့ဖြစ်သည့်တိုင် ကျွန်တော် ဆု ရအောင် ကြိုးစားသည့် ကစားပွဲတော်တော်များများကို မိသားစု မျက်ကွယ်မှာ နွှဲခဲ့၏။ ထို့ကြောင့်လည်း ကျွန်တော့်အပေါ် သံသယတွေ ပွားလာခြင်းဖြစ်၏။ သို့သော် အဆာသွတ် တိရစ္ဆာန် အရုပ်တစ်ရုပ်ရအောင် ကြိုးစားတော့မည်ဆိုလျှင် မိသားစုပွဲကြည့် ပရိသတ်၏ ဖိအားမပါဘဲ ကစားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ကျွန်တော် သိထားခဲ့သည်။ နောက်တစ်ခုက အရုပ်တစ်ရုပ်ရဖို့ ကျွန်တော် ဘယ်လောက်ကြာကြာ အားထုတ်ရကြောင်းလည်း သူတို့တစ်တွေ မသိစေချင်။ ဖွဲ့ရှိခြင်းသည် အကျင့်ကောင်းတစ်မျိုး မဟုတ်လား။ သို့ပေမဲ့ တစ်စုံတစ်ခု ရယူပိုင်ဆိုင်ဖို့ သင်ဘယ်လောက် ဖွဲ့ခတ်ကြိုးစားရကြောင်း လူတကာ သိနေဖို့မလိုပါချေ။

ခုတော့ အဆာသွတ် တိရစ္ဆာန်အရုပ်ကြီးတွေ ရအောင် လုပ်ဖို့လိုအပ်သည့် လျှို့ဝှက်ချက်နှစ်ရပ်ကို ထုတ်ဖော်ပြောပြဖို့ အသင့်ဖြစ်နေပါပြီ။ သင့်မှာ လက်တံရှည်ရှည် ရှိရမည်။ ပြီးတော့ လိုအပ်လျှင် လိုအပ်သလို သုံးစွဲလို့ရမည့်
mgyoe.com

mgyoe.com
SAMPLE BOOK


ဝင်ငွေကလေးရှိဖို့ လိုသည်။ ကုသိုလ်ကံကောင်းသော ကျွန်တော်သည် ၎င်း လိုအပ်ချက် နှစ်မျိုးစလုံးဖြင့် ပြည့်စုံလေသည်။

ကျွန်တော်၏ နောက်ဆုံးပို့ချချက်တွင် ကျွန်တော်၏ အဆာသွတ် တိရစ္ဆာန်အရုပ်အကြောင်း ထည့်ပြောခဲ့သည်။ နောက်ပြီး ထိုအရုပ်များ၏ ဓာတ်ပုံများကိုလည်း ပြသခဲ့သည်။ ယခုခေတ် နည်းစနစ်များအကြောင်း နောကျေအောင် သိထားသည့် အဆိုးမြင်ဝါဒီများ ဘာတွေစဉ်းစားနေမည် ကို ကျွန်တော် ဟောကိန်းထုတ်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကြိုက်သလို ပုံဖော်လို့ရနေသည့် သည်ခေတ်တွင် ဓာတ်ပုံအစစ်အမှန်ထဲတွင် ကျွန်တော်နှင့်အတူ သည်လောက်များသည့် အရုပ်တွေ ရှိချင်မှရှိနေမှာပေါ့။ သည်လိုမှမဟုတ်လည်း တကယ်ဆိုရသူများအား မျက်နှာချိုသွေး ချော့ချော့ မော့မော့ပြောပြီး ထိုအရုပ်ကြီးများနှင့်အတူ ဓာတ်ပုံရိုက်ခွင့်တောင်းခဲ့တာ လည်း ဖြစ်ကောင်းဖြစ်နိုင်သည် ဆိုတာမျိုးတွေပေါ့။

သည်လောက် အဆိုးမြင်ဝါဒ လွှမ်းမိုးနေသည့် သည်ခေတ်ကြီးထဲတွင် အဆိုပါ အရုပ်ကြီးများသည် ကျွန်တော် အမှန်တကယ် အနိုင်ရခဲ့သည့် အရုပ်ကြီးတွေပါဆိုတာ ဘယ်လိုလုပ် ယုံအောင်ပြောလို့ ရပါ့မည်လဲ။ အဲ၊ သူတို့အား တကယ့်အရုပ်ကြီးတွေ ပြမှပဲဖြစ်တော့မည်။ သည်တော့ ကျွန်တော့်တပည့်များကို စကားပြောစင်မြင့်၏ အစွန်းနှစ်ဖက်မှ တက်လာ စေပြီး နှစ်ပေါင်းများစွာအတွင်း ကျွန်တော့်အောင်ဆု အရုပ်ကြီးတစ်ရုပ်စီကို ပွေ့ဖက်ပြသစေခဲ့သည်။

ယခုတော့ ဤအောင်ဆုကြီးများကို ကျွန်တော် မလိုအပ်တော့။ ကျွန်တော့် အမျိုးသမီးအား နောက်ပိုးစဉ်က သူမ၏ ရုံးခန်းထဲတွင် ကျွန်တော် ပွေ့ဖက်ထားခဲ့သည့် ဝက်ဝံရုပ်ကြီးကို သူမက နှစ်သက်သည်၊ မြတ်နိုးသည် မှန်၏။ သို့ဖြစ်သည့်တိုင် သည်လိုအရုပ်ကြီးတွေ တစ်အုံတစ်မကြီးကို သူမ မလိုချင်ကြောင်း ကျွန်တော်သိသည်။ သူ့မှာ ကလေးသုံးယောက်ရှိနေသေး သည်လေ။

သည်အရုပ်ကြီးတွေ ကျွန်တော် ဆက်သိမ်းနေလျှင် တစ်နေ့နေ့ တစ်ချိန် ချိန်တွင် ဂျေးက ကျွန်တော့်အား အိမ်ပေါ်မှ နှင်ချတော့မည်။ "ရှင့်ဟာကြီး တွေ ရှင်နဲ့အတူယူသွား" ဟု ပြောပေလိမ့်မည်။ ထို့ကြောင့် သည်အကောင်

mgyoe.com

mgyoe.com


ကြီးတွေကို ကျွန်တော့်မိတ်ဆွေများသို့ ပေးပစ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

သည်တော့ သည်အကောင်ကြီးများကို စင်ပေါ်တွင် တန်းစီချပြီးသည်နှင့် "ဒီနောက်ဆုံး ပို့ချချက်အပြီးမှာ ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းကို ရယူထားလိုသူ ဘယ်သူမဆို စိတ်လွတ်လက်လွတ်နဲ့ ဒီစင်ပေါ်ကို လာခဲ့ပါ။ ပြီးတော့ ဝက်ဝံတစ်ကောင် ယူပါ။ ရှေ့ဆုံးက လာသူ ရှေ့ဆုံးက ရမယ်နော်"

အဆာသွတ်တိရစ္ဆာန်အရုပ်ကြီးတွေ ချက်ချင်းလက်ငင်း ခိုနားရာ တွေ့သွားတော့၏။ နောက်ရက်အနည်းငယ်အကြာတွင် သိရသည်မှာ အရုပ်ကြီးတစ်ရုပ်ကို ကာနက်ဂျီမယ်လွန်တက္ကသိုလ်မှ ကျောင်းသူတစ်ဦးက ရယူသွားကြောင်းနှင့် ထိုကျောင်းသူသည် ကျွန်တော့်လို ကင်ဆာရောဂါ ခံစားနေရသူ ဖြစ်သည်ဟူ၏။ ဟောပြောပွဲအပြီးတွင် သူမသည် စင်ပေါ်သို့ တက်လာသည်။ ပြီးတော့ ဧရာမ ဆင်ရုပ်ကြီးကို ရွေးသွားသည်။ သူမ ပြသည့် နိမိတ်ပုံကို ကျွန်တော် သဘောကျသွားသည်။ အခန်းထဲရှိ ဆင်ကြီးကို သူမ ရရှိသွားလေသည်။

•

mgyoe.com

mgyoe.com SAMPLE BOOK

# (၁၁)

## ကမ္ဘာပေါ်မှာ ပျော်စရာ အကောင်းဆုံးနေရာ

ကျွန်တော် ရှစ်နှစ်သားအရွယ်၊ ၁၉၆၉ ခုနှစ်ထဲတွင် ကျွန်တော်တို့ မိသားစု ခရီးရှည်ထွက်ပြီး ဒစ္စနေလင်းကို သွားကြည့်ကြသည်။ ၎င်းခရီးစဉ်ကား ပကတိ စူးစမ်းရှာဖွေရေးခရီးစဉ် ဖြစ်တော့၏။ ထိုနေရာကား ကျွန်တော် ရောက်ဖူးသမျှ နေရာတွေထဲတွင် အသားနားဆုံး နေရာတစ်ခုပင် ဖြစ်တော့၏ ။

ကျွန်တော် တခြားချာတိတ်တွေနှင့် ရောပြီး တန်းစီရင်း တွေးနေမိသည်မှာ "အဲဒါမျိုးကြီး ငါ တည်ဆောက်ပြချင်လှပြီ" ဟူ၏။

ဆယ်စုနှစ်နှစ်စုအကြာ ကာနက်ဂျီမယ်လွန် တက္ကသိုလ်မှ ကျွန်တော် ပီအိပ်ချ်ဒီဘွဲ့ကို ကွန်ပျူတာသိပ္ပံပညာဖြင့် ရပြီးသောအခါ ကျွန်တော် ဘာမဆိုလုပ်လို့ရအောင် အရည်အချင်းပြည့်မီလာပြီဟု တွေးမိ၏။ ထို့ကြောင့် ဝေါ့ဒစ္စနေ တီထွင်သူများအဖွဲ့သို့ ကျွန်တော့်လျှောက်လွှာတွေ အသည်းအသန်ပို့တော့၏။ နောက်ပြီး ကျွန်တော် လက်ခံရဖူးသမျှ စာတွေထဲတွင် အယဉ်ကျေး အဖွယ်ရာဆုံး ရေးထားသည့် "လဲသေလိုက်" ဆိုသော စာတွေကို လက်ခံရရှိတော့၏။ ကျွန်တော့်လျှောက်လွှာကို သူတို့ စိစစ်ကြည့်ပြီးဖြစ်ကြောင်း၊ သို့သော် "သင့်အရည်ချင်းနှင့် ကိုက်ညီမည့် အလုပ်အကိုင်နေရာများမရှိကြောင်း" ရေးသားထားသည်။

နေရာတစ်နေရာမျှ မရှိဘူးတဲ့လား။ ဤကုမ္ပဏီသည် လမ်းတွေပေါ်

mgyoe.com

mgyoe.com


တွင် အမှိုက်လှည်းကျင်းဖို့ ထောင်ပေါင်းများစွာသော လူတွေခေါ်သည်ဟု နာမည်ကြီးနေသည့် ကုမ္ပဏီ။ ဒစ္စနေကုမ္ပဏီတွင် ကျွန်တော့်အတွက် နေရာ တစ်နေရာမျှမရှိတော့ဘူးတဲ့လား။ လှည်းကျင်းဖို့ တံမြက်စည်းကလေး တစ်ချောင်းတောင် မရှိတော့ဘူးလား။

သည်တော့ သည်ဖြစ်ရပ်က ယာယီ အဟန့်အတား။ သို့သော် ကျွန်တော် ရှုတ်နေကျ မန္တန်ကို ရင်ထဲစွဲထားသည်။ အုတ်တံတိုင်းကြီးများ ရှိနေခြင်းမှာ အကြောင်းရင်းတစ်ခုကြောင့် ရှိနေခြင်းဖြစ်၏။ အုတ်တံတိုင်းကြီးများ ရှိနေခြင်းသည် ကျွန်တော်တို့ မကျော်ဖြတ်နိုင်အောင် တားဆီးထားဖို့မဟုတ်။ ကျွန်တော်တို့ တစ်စုံတစ်ခုကို ဘယ်လောက်အသည်းအသန် လိုချင်နေသလဲ ဆိုတာ ပြသခွင့်ပေးဖို့ ရှိနေခြင်းဖြစ်၏။

သို့ဖြင့် ၁၉၉၅ ခုနှစ်ရောက်တော့ ဗာဂျီးနီးယားတက္ကသိုလ်တွင် ကျွန်တော် ပါမောက္ခဖြစ်နေပြီ။ နောက်ပြီး 'တစ်နေ့ ငါးဒေါ်လာဖြင့် ပကတိနီးပါး စနစ် တည်ဆောက်ခြင်း' စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ကူညီပံ့ပိုးပေး နေ၏။ ထိုခေတ် ထိုကာလက ပကတိနီးပါး လုပ်ငန်းကျွမ်းကျင်သူများ စွာကျယ်စွာကျယ် လုပ်နေချိန်။ သူတို့က ပကတိနီးပါးလုပ်ငန်းနှင့် ပတ်သက် ၍ ဘာပဲလုပ်လုပ် အနည်းဆုံး ဒေါ်လာငါးသိန်း လိုအပ်သည်ဟု မရမက တောင်းဆိုကြသည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်တော်က ဟျူးလက်–ပက်ကတ်ကားဂိုဒေါင်ဟု အမည်ပေးထားသည့် လုပ်ငန်းအသေး ကလေးကို ရုပ်လုံးဖော်ကြသည်။ နောက်ပြီး ကုန်ကျစရိတ် သက်သက်သာ သာဖြင့် ပကတိနီးပါးစနစ်ကို အကောင်အထည်ဖော်နိုင်ကြောင်း ကြွေးကြော် ကြသည်။ ကွန်ပျူတာသိပ္ပံပညာလောကမှ ပုဂ္ဂိုလ်များကတော့ အရမ်း ကောင်းသည့်စိတ်ကူးဟု ယူဆကြသည်။

ထို့နောက် သိပ်မကြာမီအတွင်း ဒစ္စနေဖန်တီးသူများအဖွဲ့က ပကတိ နီးပါးစီမံကိန်းတစ်ခု လုပ်ဆောင်နေကြောင်း သတင်းရသည်။ သူတို့စီမံကိန်း မှာ ထိပ်တန်းလျှို့ဝှက်။ ဤစီမံကိန်း အကောင်အထည်ပေါ်လျှင် လူတွေ အရမ်းစိတ်ဝင်စားကြလိမ့်မည်။ အာလာဒင်၏ မိုးပျံကော်ဇောကြီး လူတွေ စီးခွင့်ရမည့် အနေအထားမျိုး။

ဒစ္စနေအဖွဲ့သို့ ကျွန်တော် တယ်လီဖုန်းလှမ်းဆက်သည်။ ကျွန်တော်

mgyoe.com

m g y o e . c o m

SAMPLE BOOK


က ပကတိနီးပါးလုပ်ငန်း သုတေသနပြုနေသူဖြစ်ကြောင်း၊ ထိုလုပ်ငန်းနှင့် ပတ်သက်သည့် သတင်းများ ရယူလိုကြောင်း ပြောပြသည်။ ကျွန်တော်က လူအများ ကဲ့ရဲ့ချင်စရာကောင်းလောက်အောင် ခေါင်းမာသူ။ ကျွန်တော့်ကို ငြင်းကြသည်။ ပယ်ကြသည်။ ခေါက်ကြသည်။ နောက်ဆုံး ဂျွန်စနော့ဒီ ဆိုသူတစ်ဦးနှင့် အဆက်အသွယ်ရသည်အထိ။ တော်သေးသည်၊ သူက အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်နေသည့် ဉာဏ်ရည်ထက်မြက်သူတစ်ဦး။ ကျွန်တော် သည် အိမ်ဖြူတော်သို့ တယ်လီဖုန်း လှမ်းဆက်ပြီး သမ္မတနှင့် တိုက်ရိုက် အဆက်အသွယ် ရလိုက်သကဲ့သို့ ခံစားရလေသည်။

ခဏတစ်ဖြုတ် စကားပြောပြီးသောအခါ ကျွန်တော် ကယ်လီဖိုးနီးယား သို့ လာခဲ့သည်။ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံနိုင်မည်လားဟု ဂျွန်အား မေးရသည်။ (အမှန်ကတော့ သူက 'အင်း' ဟု ဆိုလျှင် ကျွန်တော်သွားမည့် တစ်ခုတည်းသော အကြောင်းရင်းမှာ သူ့ကို တွေ့လိုခြင်းကြောင့် ဖြစ်၏။ သူနှင့် တွေ့ရမည်ဆိုလျှင် ကျွန်တော် "*နက်ပကျွန်း*"ဂြိုဟ်သို့လည်း သွား မည်သာ) သူက ကောင်းပြီဟု ပြောသည်။ ကျွန်တော် လာမည်ဆိုလျှင် ကျွန်တော်တို့ နေ့လယ်စာ အတူစားကြတာပေါ့တဲ့။

သူနှင့် သွားမတွေ့မီ ကျွန်တော် နာရီ ၈၀ ကြာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သည်။ ကျွန်တော်နှင့် သိကျွမ်းသည့် ပကတိနီးပါး ကျွမ်းကျင်သူများ ထံ သွားသည်။ ဒစ္စနေစီမံကိန်းအပေါ် သူတို့အမြင်၊ သူတို့အတွေးများကို မေးသည်။ ထိုသို့အားထုတ်ခြင်း၏ အကျိုးဆက်ကတော့ ဂျွန်နှင့် တွေ့ရ သောအခါ ကျွန်တော်၏ ကြိုတင်ပြင်ဆင်မှုအတွက် သူက အံ့မခန်း ချီးကျူး စကားဆိုတော့၏။ (သည်လို အထင်ခံရဖို့ လွယ်ပါသည်။ သင်သည် လိမ္မာ ပါးနပ်သူတစ်ဦးနှင့် သံယောင်လိုက်ပြီး စကားပြောသောအခါ သင်သည် လည်း လိမ္မာပါးနပ်သူတစ်ဦးနှယ် ဖြစ်လာပါသည်) ထို့နောက် နေ့လယ်စာ စားသောက်ပြီးချိန်တွင် ကျွန်တော် စပြီး 'မေး' တော့၏။

"ကျွန်တော် လေ့လာရေးအတွက် ခွင့်ရတော့မယ်ဗျ"

"အဲဒါက ဘာကိုပြောတာလဲ" ဟု သူက မေးသည်။ ဤကား ပညာရေး လောကနှင့် ဖျော်ဖြေရေးလောက ယဉ်ကျေးမှုချင်း ထိပ်တိုက်တွေ့မှုကို ကျွန်တော် ပထမဦးဆုံးအကြိမ် တွေ့လိုက်ရခြင်းပင်။ တက္ကသိုလ်ဆရာများ

mgyoe.com